# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၉) ရက် ၊ ကြာသပတေးနေ့ ၊ (21-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်လူငယ်နှင့် စာပေအနုပညာပွဲတော်ပြခန်းများခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**


(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**


အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူစံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)- ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄

ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့ရေး

မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်မှ ယနေ့မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာအမွေအနှစ်အဖြစ် အခြေခိုင်မာစွာဖြစ်ထွန်းရပ်တည်ခဲ့သည့် အမျိုးသားဆေးပညာတစ်ရပ်ဖြစ်သောကြောင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရမည်ဖြစ်ပေသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ရှေးဘုရင်များလက်ထက် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့် ခေတ်အဆက်ဆက်က ထွန်းကားခဲ့သော ဆေးပညာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းတွင် မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးပေါင်းစုံ အားကိုးယုံကြည်စွာနှင့် လက်ဆင့်ကမ်းသုံးစွဲခဲ့ကြသော ဆေးပညာလည်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် မြန်မာ့တိုင်းရင်းဆေးပညာနှင့် နေထိုင်ကြကာ ကျန်းမာသက်ရှည်ခဲ့ကြပြီး နိုင်ငံကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ မြန်မာ့ဆေးပညာကို ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယနှင့် နက္ခတ္တနယဟူသော နယကြီးလေးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့်အတွက် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီပြီး အခြားနိုင်ငံများက ဆေးဝါးများနှင့်မတူဘဲ အဆင့်မီသောဆေးပညာတစ်ရပ်အဖြစ်နှင့် သမိုင်းအဆက်ဆက် အစဉ်အလာကြီးမားခဲ့သည်ကို တွေ့ရပေသည်။

ယခုခေတ်ကာလတွင် အနောက်တိုင်းဆေးပညာသည် ဖွံ့ဖြိုးတိုးတက်လာသည်မှန်သော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများအနေဖြင့် မိမိတို့၏ သဘာဝတိုင်းရင်းဆေးများနှင့်ကုသသော တိုင်းရင်းဆေးကုထုံးများကို လက်မလွှတ်ဘဲ အားကိုးအားထားပြုသုံးစွဲကုသနေကြသည်ကို တွေ့ကြမည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးဖြစ်သည့် လျက်ဆား၊ ရှုဆေး၊ ရင်လူးဆေး၊ ဒဏ်ကြေလိမ်းဆေး စသော တိုင်းရင်းဆေးများကို အားထားယုံကြည်စွာ အိမ်တိုင်းလိုလို တန်ဖိုးထားအသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကို ၂၀၀၀ ပြည့်နှစ်ကစတင်၍ နိုင်ငံတော်အဆင့် ကျင်းပခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကို အသုံးပြုပြီး ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မည့် အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ၊ ကုသနည်းကုထုံးများပေါ် ထွက်လာစေရေးအတွက် ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျသုတေသနပြုခြင်းများဆောင်ရွက်ရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များ အားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သိမ်မွေ့နက်နဲသော မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သော ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သော ဆေးဝါးများ၏ အနှစ်သာရအဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာတစ်ရပ်အဖြစ် ဖြစ်ထွန်းရပ်တည်နေစေရန် စုပေါင်းစွမ်းအားဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာကို အရိုးပေါ် အရွက်မဖုံးစေဘဲ အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မတ္တရာမြို့နယ် သူငွေးကုန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းကျပ်တည်းနေသဖြင့် သင်္ဘောများသတိပြုသွားလာကြရန်လို



**မန္တလေး ဒီဇင်ဘာ ၂၀**

မတ္တရာမြို့နယ် သူငွေးကုန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်း ကျပ်တည်းနေသဖြင့် သင်္ဘောများသတိပြုသွားလာကြရန်လိုကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်ထံမှ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် မြစ်အတွင်းရေကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခုတစ်လော မတ္တရာမြို့နယ် သူငွေးကုန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းပြောင်းလဲမှု စတင်ဖြစ်ပေါ်ကာ ရေကြောင်းကျပ်တည်းမှုများ အနည်းငယ်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"အခုတစ်လော သူငွေးကုန်းကျေးရွာအနီးတစ်ဝိုက်မှာ ရေလမ်းကြောင်းကျပ်တည်းတယ်ဆိုပေမဲ့ ဆိုးဆိုးရွားရွားဖြစ်တာတော့ မရှိသေးပါဘူး။ ဒါပေမဲ့ မန္တလေးဆိပ်ကမ်းကနေ မတ္တရာမြို့နယ် သူငွေးကုန်းရေလမ်းကြောင်းတစ်လျှောက် သွားလာကြမဲ့ခရီးသည်တင်သင်္ဘောတွေနဲ့ကုန်တင်သင်္ဘောတွေ သောင်တင်မှုမဖြစ်ပေါ်စေဖို့ အထူးသတိပြုသွားလာကြဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် မတ္တရာမြို့နယ် သူငွေးကုန်းရေလမ်းကြောင်းအနီးတစ်ဝိုက်တွင် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ သူငွေးကုန်းရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့် ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘောများအနေဖြင့် ရေပေါ်ပြနှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုကြောင်း သိရသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီးမှ ရေနည်းချိန်ကာလအတွက် နိုဝင်ဘာလက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်များမှာ ဧရာဝတီမြစ်ရေလမ်းကြောင်း ဟင်္သာတမှ ပြည်ထိ ငါးပေခြောက်လက်မဖြစ်ပြီး ပြည်မှမန္တလေးထိ ငါးပေဖြစ်ကြောင်း၊ အလားတူ မန္တလေးမှ ကသာထိ လေးပေဖြစ်ပြီး ကသာမှ ဗန်းမော်ထိ သုံးပေကိုးလက်မ၊ ဆင်ဘိုမှမြစ်ကြီးနားထိ နှစ်ပေခြောက်လက်မ သတ်မှတ်ထားကြောင်း သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း နယ်စုံဒေသမှ ထွက်ရှိသည့် ငရုတ်သီးအစိုများ မန္တလေးဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

အဆိုပါ ငရုတ်များကို ကူမဲ၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ ရမည်းသင်း စသည့် နယ်စုံဒေသများမှ ထွက်ရှိနေပြီး ထွက်ရှိလာသည့် ငရုတ်သီးများကိုခူးဆွတ်ကာ တောင်သူများက ဈေးကွက်အတွင်းသို့ ရောင်းချနေရာတွင် ငရုတ်သီးအစိုသန့်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"အခုချိန်က နယ်စုံဒေသက ငရုတ်တွေ စတင်ထွက်ရှိနေပါတယ်။ ပြည်ပဈေးကွက်ကိုလဲ အနည်းငယ် စမ်းသပ်တင်ပို့ရောင်းချနေပါတယ်။ ငရုတ်က စတင်ထွက်ရှိနေပြီး ဈေးကွက်အတွင်းကို ဝင်ရောက်နေပါပြီ။ ဇန်နဝါရီလဆိုရင်တော့ လှိုင်လှိုင်ထွက်လာတော့မှာပါ။ အခုချိန်က အနည်းငယ်ထွက်ရှိနေပြီး ဈေးကွက်အတွင်းမှာ အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိအချိန်မှာတော့ ကူမဲဘက်က ငရုတ်တွေ လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ကျန်ဒေသတွေလဲ မကြာခင်ထွက်ရှိတော့မှာပါ။ ငရုတ်ကို အခြောက်လှန်းပြီး ရောင်းချသူတွေလဲ ရှိပါတယ်။ လက်ရှိမှာ ငရုတ်သီးအစိုတွေ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

အဆိုပါ ငရုတ်သီးများကို လက်ရှိအချိန်တွင် အစို၊ အခြောက် နှစ်မျိုးဖြင့် ပြည်ပဈေးကွက်သို့ ၁၂ ဘီးကား တစ်စီး၊ နှစ်စီး တင်ပို့ရောင်းချနေကြောင်း၊ ငရုတ်သီးအစိုများကို ပြည်တွင်းဈေးကွက်၌လည်း အစိုသန့်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း၊ ၎င်းငရုတ်သီးများကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၅)

# ပြည်ပဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၀**

ပြည်ပဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲတီစိမ်းကို ယခုလက်ရှိ ပြည်ပနိုင်ငံများက ဝယ်ယူမှုများပြားလာကြောင်း၊ ယခုတစ်လော မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်းများအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုတစ်လော ပဲတီစိမ်းကို မန္တလေးဈေးကွက်ထဲမှာ ကြိုက်ရောင်းကြိုက်ဝယ်တွေ များလာပြီး အရောင်းအဝယ်တော်တော်လေးကောင်းလာပါတယ်။ တရုတ်နိုင်ငံဘက်ကလဲ ပဲတီစိမ်းဝယ်ယူမှုများလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်ခြင်းကြောင့် ယနေ့တွင် ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ပဲတီစိမ်းကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

"ပဲတီစိမ်းက ပြည်တွင်းဈေးကွက်ထဲမှာလဲ အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ပဲတီစိမ်းအရောင်းအဝယ် ဒီထက်ပိုပြီးကောင်းမွန်လာမဲ့ အနေအထားမှာ ရှိနေပါတယ်။ ပြည်ပနိုင်ငံတွေကလဲ ဝယ်ယူမှုပိုပြီးများလာနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေတာရှည်မြို့နယ် ကျေးရွာနစ်ရွာ၌ ကျောက်ရောမြေခင်းခြင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရေတာရှည် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မျက်နှာပြင်ကျေးရွာနှင့် သပြေတန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းနှင့် Slab Culvert တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တင်ဒါရ ကုမ္ပဏီမှ တာဝန်ရှိသူတို့က လုပ်ငန်းတိုးတက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ရေတာရှည်မြို့နယ် မျက်နှာပြင်ကျေးရွာ၌ အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ငါးပေရှိ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၄၄ သန်းဖြင့် Uni Empire ကုမ္ပဏီက ဇွန် ၁၀ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ သပြေတန်းကျေးရွာ၌ အရှည် တစ်မိုင် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၇၂ ဒသမ ၅ သန်းဖြင့် မျိုးခေတ်ကျော်ကုမ္ပဏီက ဇွန် ၁၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ပြောပြ၍ သိရသည်။

**ကိုညီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နယ် ဗားကရာကျောင်းနေ ဘဒ္ဒန္တကောဝိဒဉာဏ က ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၉၁၀၂ ဧက ရိတ်သိမ်းပြီးစီး



**ယင်းမာပင် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၉၁၀၂ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၉၁၀၂ ဧက ပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၇၇ ဒသမ ၂၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ စပါးစိုက်ခင်းတွေ ရိတ်သိမ်းနေတာ ဒီနေ့ထိ ဧက ၂၉၀၀၀ ကျော် ပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်း အနေနဲ့ကလဲ ကောင်းမွန်ကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၉၃၉၁ ဧက၊ ကနီမြို့နယ်တွင် ၄၇၄၆ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၆၁၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၃၅၀ စုစုပေါင်း ၂၉၁၀၂ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၀၃၃၈၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ယင်းမာပင်မြို့နယ်တွင် ၂၉၁၄၁ ဧက၊ ကနီမြို့နယ်တွင် ၂၄၀၅၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၄၀၂ ဧက၊ ပုလဲမြို့နယ်တွင် ၄၅၁၀၃ ဧက စုစုပေါင်း ၁၀၂၇၀၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တံတားဦးမြို့နယ် ဘလဲ့ဘကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဘလဲ့ဘကျေးရွာနှင့် စစ်ကိုင်းစုကျေးရွာအတွက် စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဘလဲ့ဘကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၇ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၇၈ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၈၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၉၃ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ငွေကျပ် ၃၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# အမရပူရမြို့နယ် ဝဲကြီးဆင်ကျေးရွာ၌ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အား၊ ထည့်ဝင်မှုတို့ဖြင့် ဝဲကြီးဆင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝဲကြီးဆင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အား၊ ထည့်ဝင်မှုတို့ဖြင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝဲကြီးဆင်ကျေးရွာ၌ အရှည်ပေ ၁၁၀၊ အကျယ် နှစ်ပေ၊ အမြင့် ၁၄ လက်မရှိ ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူများ၏ လုပ်အား၊ ထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးထံမှ သိရသည်။

**သူသူ**



# အသစ်တွေ့အရေးတော်ပုံကျမ်းများ (၃)

ပိုလ်ရှိတ်(ရတနာပူရ)

**ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံ**

ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံကျမ်းကို လက်ဝဲနော်ရထာအမတ်ကြီး ပြုစုခဲ့ခြင်းဖြစ်သည်။ ဤအရေးတော်ပုံမှ ဆင်ဖြူရှင်မင်းတရားကြီးဘုရားဟူသည် ဘိုးတော်ဗဒုံမင်းကို ဆိုခြင်းဖြစ်သည်။ ဤအရေးတော်ပုံသည် ဘိုးတော်ဗဒုံမင်းတရားကြီး စတင်နန်းတက်သည့် ၁၁၄၃ ခုနှစ်မှစ၍ ၁၁၄၈ ခုနှစ်ထိ အဖြစ်အပျက်များကို ရေးသားထားခြင်းဖြစ်သည်။ ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံကို ၁၉၈၉ ခုနှစ်တွင် ရှေးဟောင်းစာပေသုတေသီတစ်ဦး အမည်ခံ ဆရာကြီးဦးထွန်းရီက စာကူးစက်မှုဖြင့် ဖြန့်ဝေခဲ့ဖူးသည်။ ပုံနှိပ်မှုမဟုတ်သောကြောင့် သိသူနည်းသည်။ ထို့နောက်တွင် ဆရာကျော်ဆွေဦး တည်းဖြတ်၍ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီက ပုံနှိပ်မှုအဖြစ် ပထမဆုံး ထုတ်ဝေခဲ့သည်။ ဤကျမ်းကို လက်ဝဲနော်ရထာအမတ်ကြီးကိုယ်တိုင်က အရေးတော်ပုံကျမ်းဟု အမည်ပေးခဲ့သည်။ ထိုအကြောင်းကို ကျမ်းဦးနိဒါန်း၌"ဆင်ဖြူသျှင်မင်းတရားကြီး၏ ကတပုည၊ ရာဇဘိသေက၊ ခတ္တိယဘိသေက၊ ဗုဒ္ဓါဘိသေက၊ ရာဇက္ကုဒ္ဒိရာ ရာဇဝံသဖြစ်သော ထူးမြတ်ကြီးကျယ်သော ရာဇသီရိ၊ ရာဇမင်္ဂလာ၊ ရာဇဗျူဟာတို့ကို ဆိုရာဆိုကြောင်းဖြစ်သော ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံ သမိုင်းတော်ကိုသားတော်အစဉ် မြေးတော်အဆက်၊ မြစ်တော်အညွန့်အခွန့်ရှည်စွာ ဥဒါန်းမော်ကွန်းထွန်းစေကြောင်းနှင့်စီရင်ပေအံ့"ဟူ၍ ဆိုထားသည်။ ထို့ကြောင့် ဤကျမ်းသည် အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်ကြောင်း သိရသည်။

**တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံ**

"တရုပ်အရပ်ရပ်ရောက်သည့် အရေးပုံကျမ်း"ကို အရင်က မသိခဲ့ပေ။ နောက်မှစာအုပ်မှုအဖြစ် ထုတ်ခဲ့ကြောင်း သိရသည်။ ဆရာမကြီး ဒေါက်တာရီရီ၏ အရေးတော်ပုံကျမ်းများပြဿနာ၊ ဆရာကြီးဒေါက်တာအောင်မြင့်ဦး၏ အရေးတော်ပုံကျမ်းများအရေးအတွက် ပြဿနာဟူသောစာတမ်းတို့တွင် တရုပ်အရပ်ရပ်ရောက်သည့် အရေးပုံကျမ်းအကြောင်းကို ထည့်သွင်းရေးသားခဲ့သည်ကို မတွေ့ရပေ။ ဆရာမကြီးနှင့် ဆရာကြီးတို့၏စာတမ်းများတွင်ပင် ဖော်ပြထားခြင်းမရှိသည့်အတွက် တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်းမှာ အတော်ပင်တိမ်မြုပ်နေသည့် ကျမ်းဖြစ်ကြောင်း မှန်းဆနိုင်ပေသည်။

တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်းသည် ပုံနှိပ်မှုအဖြစ်ရှိခဲ့သောကျမ်းတစ်စောင်ဖြစ်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတည်းဖြတ်၍ တရုပ်ဗမာမိတ်ဆွေဖြစ်အသင်းက ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထုတ်ဝေခဲ့သည့်ခုနှစ်ကိုမသိရပေ။ မျက်နှာဖုံးတွင် "တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံ၊ နိုင်ငံတော်စာကြည့်တိုက်ပေမူ၊ သွင်ကိုယ်တော်မှိုင်းတည်းဖြင့်၍ နိဒါန်းရေးသည်"ဟူ၍ဖော်ပြထားသည်။ ပန်းချီပုံမှာ ညောင်ရွက်ပုံထောင့်များပါသည့် စက်ဝန်းအတွင်း၌ နဂါးမောင်နှံပုံကိုရေးဆွဲထားခြင်းဖြစ်သည်။ မျက်နှာဖုံးပန်းချီရေးဆွဲသူမှာ ဆရာကြီးဦးအုန်းလွင်ဖြစ်သည်။ သခင်ကိုယ်တော်မှိုင်းတည်းဖြတ်၍ ထုတ်ဝေခဲ့ခြင်းဖြစ်သောကြောင့် ပုံနှိပ်ထုတ်ဝေသည့်နှစ် တိတိကျကျမသိရသော်လည်း ကိုလိုနီခေတ်တွင်ဖြစ်မည်ဟု ခန့်မှန်းရသည်။

တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်းသည် စာမျက်နှာ ၆၅ မျက်နှာသာပါရှိသော စာအုပ်လေးဖြစ်သည်။ သခင်ကိုယ်တော်မှိုင်း၏ နိဒါန်းပင်လျှင် စာမျက်နှာ ခြောက်မျက်နှာရှိသည်။ ဤအရေးပုံကျမ်းသည် နိုင်ငံတော်စာကြည့်တိုက်ပေမူမှ ကူးယူထုတ်ဝေခြင်းဖြစ်သည်ဟု သိရသည်။ တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်းသည် "မရမ္မဒေသ၊ ရာဇဌာနီဖြစ်သော အရိမဒ္ဒနာ ပုဂံပြည်ကြီးတွင်"ဟူသော စကားဖြင့် အစချီထားသည်။ ကျမ်းအတွင်း၌-

မြန်မာမင်းနှင့် တရုပ်မင်းတို့ နေမင်းမျိုးဖြစ်ကြောင်း၊ ပုဂံပျူစောထီးမင်းအကြောင်း၊ တရုပ်တပ်ကြီးလယ်ကိုင်းသို့ချီလာကြောင်း၊ ပျူစောထီးမင်းနှင့်တရုပ်မိဖုရားကြီးတို့မောင်နှမဖြစ်ကြောင်း၊ အနော်ရထာမင်းတရုပ်ပြည်မှ စွယ်တော်ပင့်ကြောင်း၊ အလောင်းစည်သူမင်းအကြောင်း၊ ဆရာတော်ဒိသာပါမောက္ခတိုင်းကျိုးပြည်ကျိုးဆောင်ရွက်သည့်အကြောင်း၊ မြန်မာပြည်တွင် တရုပ်တပ်သားတို့ သင်းတွဲမြောင်းကြီးတူးခဲ့ခြင်းအကြောင်း၊ ဂါမဏိနှင့် သမိန်ဘရမ်း စီးချင်းထိုးခြင်းအကြောင်း၊ မင်းလက်ျာ တရုပ်ပြည်သို့ သံအဖြစ်သုံးကြိမ်သွားရသည့်အကြောင်း၊ တရုပ်စလုံကျော်ခေါင်နှင့် မင်းညီထုံး စီးချင်းတိုက်သည့်အကြောင်း၊

❖ "ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံကိုလည်း အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်ကြောင်း ယူဆလိုသည်။ အကြောင်းကို ရှင်းပြပါဦးမည်။ "ဘဂျဝါဒီဂုဏာကရံ"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းကို အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်ကြောင်း ဆုံးဖြတ်ထားကြသည်။ "ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် "ဘဂျဝါဒီဂုဏာကရံ"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းနှင့် ထပ်တူထပ်မျှတူနေသည်။ တနင်္ဂနွေမင်းနှင့် ဟံသာဝတီရောက် မင်းနှစ်ပါးအကြောင်း မပါသည်ကလွဲ၍ အတူတူပင်ဖြစ်သည်။ ❖

တရုပ်တရက်မြန်မာအရေးပုံအကြောင်း၊ တရုပ်ဆံကိုပယ်၍ တရက်ဆံကိုထားခြင်းအကြောင်း စသည်ဖြင့်ပါရှိလေသည်။

တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်းသည် သမုဒ္ဒရာဇ်မင်းလက်ထက် ပုဂံ ၁၉ ရွာကို အုပ်ချုပ်၍ မင်းပြုသည်မှစကာ သက္ကရာဇ် ၁၀၂၃ ခုနှစ်တွင် တရုပ်စစ်သူကြီး လေးယောက်၊ သူရဲရဲမက်နှစ်သိန်းကျော်နှင့် ရောက်သည့်အကြောင်းထိ ရေးသားထားလေသည်။ သမုဒ္ဒရာဇ်မင်းလက်ထက်မှစ၍ ညောင်ရမ်းခေတ်ထိ တရုပ်-မြန်မာ ဆက်ဆံရေးအကြောင်း၊ စစ်မက်ဖြစ်ပွားပုံအကြောင်း၊ ငြိမ်းချမ်းရေးရရှိခဲ့ပုံအကြောင်း စသည်တို့ကို ရေးသားထားခြင်းဖြစ်သည်။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်ဖြစ်ပွားခဲ့သည့် တရုပ်-မြန်မာ စစ်ပွဲများအကြောင်းကိုကား ဖော်ပြထားခြင်းမရှိတော့ပေ။ ဤတရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်းသည် ရှားပါးကျမ်းတစ်စောင်ဖြစ်နေသဖြင့် ပြန်လည်ပုံနှိပ်သင့်ပေသည်။

**ကုလားတလိုင်းတို့အရေးပုံ**

ကုလားတလိုင်းတို့အရေးတော်ပုံကျမ်းသည် ပေမူ၊ လက်ရေးမူဖြင့် တိမ်မြုပ်နေသော ကျမ်းတစ်စောင်ဖြစ်သည်။ ဆရာမကြီးဒေါက်တာရီရီ၊ ဆရာကြီးဒေါက်တာအောင်မြင့်ဦးတို့၏ စာတမ်းတို့တွင်လည်း ဤအရေးပုံကျမ်းဖော်ပြထားသည်ကို မတွေ့ရပေ။ ကုလားတလိုင်းတို့အရေးပုံကျမ်းသည် ရန်ကုန်မြို့ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် ပေမူ၊ လက်ရေးမူဖြင့်တွေ့ရှိရသည်။ လက်ရေးမူမှာ ကိုးကြောင်းရေး မျဉ်းဖြူပေမှကူးယူထားသော လက်ရေးမူဖြစ်သည်။ ပေအင်္ဂါအရေအတွက်မှာ က အစ င အဆုံး လေးအင်္ဂါ၊ သုံးချပ်ရှိပေမှ ကူးယူထားခြင်းဖြစ်သည်။ ပေမူတွင် ကျမ်းပြီးနှစ်မတွေ့ရပေ။ ပေကူးနှစ်ကို ကျမ်းပြီးနိဂုံး၌ "၁၂၀၁ ခု တော်သလင်းလပြည့်ကျော် ၂ ရက် ၃ နေ့ ကုလားတလိုင်းတို့အရေးပုံပြီးပြီ"ဟူ၍ တွေ့ရသည်။ ထို့ကြောင့် ဤပေသည် ၁၂၀၁ ခုနှစ်တွင် ရေးကူးပြီးခဲ့

သောပေမူဖြစ်ကြောင်း သိရသည်။

ကုလားတလိုင်းရေးပုံကျမ်းသည် "လူသူမွားတို့၏ပတ္တမြားမျက်နှစ်"ဟူသောစကားဖြင့် အစချီထားသည်။ ကျမ်းပြီးနိဂုံးတွင် ကုလားတလိုင်းတို့အရေးပုံဟူ၍ သုံးနှုန်းထားသောကြောင့် ကုလားတလိုင်းတို့အရေးပုံကျမ်းသည် မူရင်းကျမ်းအမည်ဖြစ်ကြောင်းသိနိုင်သည်။

ကုလားတလိုင်းတို့အရေးပုံကျမ်းဟူသောအမည်အတိုင်း ဤကျမ်းတွင် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ဖြစ်ပွားခဲ့သည့် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲများအကြောင်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဟံသာဝတီ၊ ရန်ကုန်၊ သန်လျင်၊ ဒလတို့မှ ပုန်ကန်မှုများအကြောင်းကို ရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ရှေးက အင်္ဂလိပ်တို့ကို ကုလားဟူ၍သာ ခေါ်ကြသည်။ ဤအရေးပုံကျမ်း၌ပင် "အင်္ဂလိပ်ကုလား"ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ကုလားဆိုသည်မှာ အင်္ဂလိပ်ကျူးကျော်သူများကို ဆိုခြင်းဖြစ်သည်။ ရှေးက ဟံသာဝတီ၊ ရန်ကုန်၊ ဒလ စသည့်နယ်မြေဒေသကို တလိုင်းဟူ၍ ခေါ်ကြသည်။ ထိုဒေသမှ ပုန်ကန်သဖြင့် တလိုင်းဟူ၍ သုံးထားခြင်းဖြစ်သည်။ ထို့ကြောင့် ကုလားတလိုင်းတို့အရေးပုံကျမ်းသည် အင်္ဂလိပ်ကျူးကျော်မှုနှင့် ဟံသာဝတီ၊ ဒလ၊ သန်လျင်ဒေသတို့မှပုန်ကန်မှုတို့ကို ရေးသားထားသောကျမ်းဟု သိနိုင်ပေသည်။

ကုလားတလိုင်းတို့အရေးပုံကျမ်းသည် ဘကြီးတော်စစ်ကိုင်းမင်း အမရပူရမြို့၌ နန်းတက်သည်မှ စတင်ထားသည်။ အင်္ဂလိပ်နှင့်မြန်မာ စစ်ဖြစ်ရခြင်းအကြောင်းကို ကုလားတလိုင်းတို့အရေးပုံကျမ်း၌ "သက္ကရာဇ် ၁၁၅၈ ခု(အမှန်က ၁၁၈၅ သာဖြစ်ရမည်။ ပေကူးမှားခြင်းဖြစ်တန်ရာသည်)တွင် နိုင်ငံတော်ဖြစ်သော ရခိုင်ဓညဝတီနယ်၊ ရှင်မဖြူကျွန်းမှာ စစ်တကောင်းမြို့ရှိ ကုလားတို့က တပ်တဥ်လုပ်၍ အလံစိုက်ထားကြောင်းများကို ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာက တင်လျှောက်လာ၍ ရွှေနားတော်မြတ်ကြားတော်မူသည်တွင် အမျက်ရှိတော်မူသည်နှင့် ဝန်ကြီးသတိုးမဟာဗန္ဓုလကို ဗိုလ်မှူး၊ အတွင်းဝန်မင်းကြီး မဟာဇေယသူရ၊ မင်းကြီးမဟာမင်းလှရာဇာတို့ကို စစ်ကဲခန့်၍ ပုဂံကသည် ပြည်မြို့ထိ မြစ်စဉ်အနောက်ဘက်တပြင် မြို့ရွာလက်နက်ကိုင်များကို ခန့်ထားသိမ်းရုံးပြီးလျှင် လူနှစ်သောင်းကျော်နှင့် စလင်းဆင်ဖြူကျွန်းဆိပ်ကသည် ဒလက်ကြောင်း ရခိုင်သို့ ချီရသည်"ဟူ၍ ရေးသားထားသည်။ ထို့နောက် အင်္ဂလိပ်-မြန်မာစစ်ပွဲများအကြောင်း၊ ရန္တပိုစာချုပ်အကြောင်း စသည်ဖြင့် အင်္ဂလိပ်-မြန်မာစစ်ပွဲအခြေအနေများကို အသေးစိတ်ရေးသားထားသည်။

တလိုင်းတို့ပုန်ကန်မှုအကြောင်းကိုလည်း "ဟံသာဝတီ၊ ရန်ကုန်၊ သံလျင်၊ ဒလမြို့မှာလည်း သမိန်ပရွှဲခံစေတ်ငယ်နှင့် အလိုတူတလိုင်းတို့ ပူးပေါင်းပြီးလျှင် လက်နက်လူသူစုရုံးစည်းကြပ်ကြောင်းများကို ကြားသိရသည်"ဟူ၍ ရေးထားသည်။ တလိုင်းတို့ပုန်ကန်မှုကို နှိမ်နင်းရသည့်အကြောင်းများကို ရေးသားထားလေသည်။ တလိုင်းတို့ပုန်ကန်မှုသည် ရိုးရိုးမဟုတ်ပေ။ အင်္ဂလိပ်တို့က လက်နက်၊ လူသူထောက်ပံ့ကာ သွေးထိုးပေးမှုကြောင့် ပုန်ကန်ခြင်းဖြစ်သည်။ ထိုအကြောင်းကို ကျမ်းပြုဆရာသည် အတိအလင်းထည့်သွင်းရေးသားထားပေသည်။ အင်္ဂလိပ်တို့၏သွေးခွဲမှုသည် ထိုခေတ်ကတည်းကဖြစ်ကြောင်း လေ့လာရပေသည်။ ကုလားတလိုင်းတို့အရေးပုံကျမ်းသည် ပုန်ကန်သူစေတ်ငယ်တို့အုပ်စုကို အဆုံးစီရင်သည့်အခန်းတွင် အပြီးသတ်ထားပေသည်။

ကုလားတလိုင်းတို့အရေးပုံကျမ်းသည် ရာဇဝင်ကြီးတို့တွင် အသေးစိတ်မပါပေ။ အင်္ဂလိပ်-မြန်မာစစ်ပွဲအခြေအနေများကို အသေးစိတ်တွေ့ရမည်ဖြစ်သည်။ ဤအရေးပုံကျမ်းသည် အင်္ဂလိပ်-မြန်မာစစ်ပွဲအကြောင်းလေ့လာလိုသူများအတွက် တန်ဖိုးကြီးမားသောအထောက်အထားသစ်များပင်ဖြစ်သည်။ သို့သော် အများလေ့လာရန်ပုံနှိပ်မှုဖြင့် မရှိသဖြင့် တိမ်မြုပ်၍ အသိနည်းနေသည်။ ဤအရေးပုံကျမ်းကို ပုံနှိပ်မှုအဖြစ် ထုတ်သင့်ပေသည်။

**သုံးသပ်ချက်**

ယခုတွေ့ရသမျှ အရေးတော်ပုံကျမ်း ၁၃ စောင်လုံးကို ရှာဖွေတင်ပြခဲ့ပြီဖြစ်သည်။ ဆရာမကြီး ဒေါက်တာရီရီနှင့် ဆရာကြီးဒေါက်တာအောင်မြင့်ဦးတို့သည် အရေးတော်ပုံကျမ်းကိုးစောင်သာ စာရင်းပြုဖော်ပြခဲ့သည်။ ဓမ္မစေတီအရေးပုံ၊ ဆင်ဖြူသျှင်မင်းတရားကြီးဘုရားအရေးတော်ပုံ၊ တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်း၊ ကုလားတလိုင်းတို့အရေးပုံကျမ်းတို့ ကျန်ခဲ့သည်။ ထို့ကြောင့် အရေးတော်ပုံကျမ်းအမည်ခံကျမ်းများသည် ကိုးစောင်မကဘဲ ၁၃ စောင်ထိရှိသည်။ အရေးတော်ပုံကျမ်းအမည်ခံ ကျမ်းကိုးစောင်တွင်လည်း-

၁။ ညောင်ရမ်းမင်းတရားအရေးတော်ပုံ
၂။ "ရတနာပူရအင်းဝမင်းတို့"အစချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်း
၃။ မဂဒူးအရေးတော်ပုံ
၄။ မဇ္ဈိမဒေသအရေးတော်ပုံ လေးစောင်သည် အရေးတော်ပုံကျမ်းစစ်စစ်များမဟုတ်ပါ။

အရေးတော်ပုံကျမ်းအစစ်များမှာ-

၁။ ဓညဝတီအရေးတော်ပုံ
၂။ ရာဇာဓိရာဇ်အရေးတော်ပုံ
၃။ ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ
၄။ "ဘဂျဝါဒီဂုဏာကရံ"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံ
၅။ "အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော"အစချီ အလောင်းမင်းတရားကြီးအရေးတော်ပုံတို့ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ကြသည်။

ကျွန်တော့်၏အယူအဆမှာ "ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကိုလည်း အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်ကြောင်း ယူဆလိုသည်။ အကြောင်းကို ရှင်းပြပါဦးမည်။ "ဘဂျဝါဒီဂုဏာကရံ"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းကို အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်ကြောင်း ဆုံးဖြတ်ထားကြသည်။ "ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် "ဘဂျဝါဒီဂုဏာကရံ"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းနှင့်ထပ်တူထပ်မျှတူနေသည်။ တနင်္ဂနွေမင်းနှင့် ဟံသာဝတီရောက်မင်းနှစ်ပါးအကြောင်း မပါသည်ကလွဲ၍

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၃၅၀၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၃၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက အုန်းသီးအလုံးရေ ၂၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ အုန်းသီးအလုံးရေ ၃၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးများမှာ အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၇၀၀၀ ထိ ဈေးရရှိခဲ့ကြောင်း သိရသည်။

“ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လက အုန်းသီးအလုံးရေ ၃၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိ ဒေသထွက်ကုန်အုန်းသီးတွေ ဝယ်လိုအားကောင်းနေတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေဝယ်လိုအားလိုက်နေတယ်လို့ သိရပါတယ်။ လက်ရှိ အုန်းသီးဈေးကလဲ စိုက်ပျိုးသူတွေ အဆင်ပြေတဲ့ဈေးနှုန်းဖြစ်ပါတယ်။ ဘိုကလေးကနေ ဒေသထွက်အုန်းသီးတွေကိုအုန်းသီးခြောက်၊ အုန်းသီးစိမ်း၊ အုန်းသီးနဲ့ဆိုပြီး တင်ပို့ရောင်းချနေတာပါ”ဟု ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

အတူတူပင်ဖြစ်သည်။ “ဘဂ္ဂဝါဒိဂုဏာကရံ”၏ အလောင်းမင်းတရားကြီး အရေးတော်ပုံကို အရေးတော်ပုံစစ်စစ်ဟုသတ်မှတ်ပြီး ၎င်းကျမ်းနှင့် ထပ်တူတူညီနေသည့် “ရတနာပူရအင်းဝမင်းတို့”၏ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းကို အရေးတော်ပုံကျမ်းစစ်စစ်အဖြစ် အဘယ်ကြောင့် မသတ်မှတ်ရမည်နည်း။ သတ်မှတ်ရမည်သာဖြစ်သည်။ ထိုကဲ့သို့မသတ်မှတ်ခဲ့ခြင်းသည် ထိုအရေးတော်ပုံကျမ်းနှစ်စောင်ကို သေချာစွာ ယှဉ်တွဲ၍ မကြည့်မိသောကြောင့်သာဖြစ်သည်ဟု ယူဆရမည်။

သို့ဖြစ်သောကြောင့် အရေးတော်ပုံကျမ်းစစ်စစ်မဟုတ်ဟု သတ်မှတ်ခဲ့သော “ရတနာပူရအင်းဝမင်းတို့” ၏ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်သည်ဟု ဆိုချင်သည်။ ထို့ပြင် နောက်ထပ်အသစ်တွေ့ ဓမ္မစေတီအရေးပုံကျမ်း နိဂုံးတွင်လည်း “ဓမ္မစေတီအရေးပုံ”ဟူ၍ ပါရှိသည်ဖြစ်၍ ဤကျမ်းသည်လည်း အရေးတော်ပုံကျမ်းတစ်စောင်ဖြစ်သည်မှာ အငြင်းပွားဖွယ်ရာမလိုပေ။ ထို့အတူ အသစ်တွေ့ “ဆင်ဖြူသျှင်မင်းတရားကြီးဘုရားအရေးတော်ပုံ”သည်လည်း ကျမ်းပြုသူလက်ဝဲနော်ရထာကိုယ်တိုင်က အရေးတော်ပုံကျမ်းဖြစ်သည်ဟု ဆိုထားသောကြောင့် ဤကျမ်းသည်လည်း အရေးတော်ပုံကျမ်းတစ်စောင် ဖြစ်ကြောင်း အငြင်းပွားဖွယ်ရာမလိုပေ။

ထို့အတူ တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်းကိုလည်း အရေးပုံကျမ်းစစ်စစ်ဖြစ်ကြောင်း ယူဆရသည်။ ကုလားတလိုင်းတို့အရေးပုံကျမ်းတွင် “ကုလားတလိုင်းတို့အရေးပုံကျမ်း”ဟူ၍ ကျမ်းပြီးနိဂုံး၌ဆိုထားသဖြင့် ဤကျမ်းသည်လည်း အရေးတော်ပုံကျမ်းဖြစ်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် နိဂုံးချုပ်ဆိုရလျှင် ယခုလက်ရှိတွေ့ရှိရသမျှ အရေးတော်ပုံအမည်ခံ ကျမ်း ၁၃ စောင်ရှိပြီး အရေးပုံကျမ်းစစ်စစ်သည် ၁၀ စောင်ရှိသည်ဟု ဆိုရမည်။ ထို ၁၀ စောင်မှာ-

၁။ ဓညဝတီအရေးတော်ပုံကျမ်း
၂။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း
၃။ “ဘဂ္ဂဝါဒိဂုဏာကရံ”၏ အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်း
၄။ “ရတနာပူရအင်းဝမင်းတို့”၏ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်း
၅။ “အောင်သူတကာတို့၏အထွတ်ဖြစ်တော်မူသော”၏ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်း
၆။ ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံကျမ်း
၇။ ဓမ္မစေတီအရေးပုံကျမ်း
၈။ ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံကျမ်း
၉။ တရုပ်အရပ်ရပ်ရောက်သည့်အရေးပုံကျမ်း
၁၀။ ကုလားတလိုင်းတို့အရေးပုံကျမ်းဟူ၍ဖြစ်သည်။

ဤကျမ်း ၁၀ စောင်သည် အရေးတော်ပုံကျမ်းစစ်စစ်များဟု ဆိုချင်ပါသည်။

## ပြင်ဦးလွင်ပန်းပွဲတော် သွားကြစို့နော်

\- ပန်းမြို့တော် သာစခန်း
မြန်းကြစို့ မိတ်ဆွေရေ၊
ထိုနေရာ ထိုဌာန
သာစွပါလေ၊
ရေတံခွန် အထွေထွေ
ချောင်းရေက တပြေးပြေး၊
ပန်းတွေရယ် စုံစုံပွင့်
လွင့်လှတယ်လေး။

\- ရန့်ရယ် ပျံ့ပျံ့သင်း
ထင်းရှူးနဲ့ တပြေပြေ၊
အုပ်ဆိုင်းကာ ပင်ချင်းယှက်
ခက်လက်တွေဝေ၊
တေးချင်းတို့ သီဆိုပေ
သံစဉ်တွေ တရှဲရှဲ၊
လေဝှေ့မှာ သံစုံဝိုင်း
လှိုင်းထမစဲ။

\- ချယ်ရီရယ် ခိုင်စုံပွင့်
ဖွင့်ချပေါ့ သည်မြို့ကို၊
မြို့လေးဟာ ပန်းနုသွေး
ငေးကြည့်စိတ်ပျို၊
ပန်းသွေးက ဝင်းလက်စို
မြို့လေးကို ပန်းရောင်ဆင့်၊
မိတ်ကပ်တွေ လိမ်းခြယ်ထား
ခမ်းနားလှတင့်။

\- တောင်ပေါ်ဆို သည်မြို့လေး
ထွေးပွေ့လို့ အအေးကြွယ်၊
ရာသီရယ် ဆောင်းလထဲ
အေးမြအေးတယ်၊
ပန်းကလည်း မွှေးမွှေးရယ်
ရောင်စုံခြယ် လှကမ္ဘာထဲ၊
အေးလည်းအေး မွှေးလည်းမွှေး
နှင်းဖွေးတွေဝဲ။

\- ပန်းမြို့ထဲ ပန်းတွေဝင့်
တင့်လှတဲ့ သည်ပွဲရယ်၊
ပန်းတွေကို အလှဆင့်
ဖွင့်ခဲ့ပြီကွယ်၊
ပြင်ဦးလွင် ပန်းပွဲရယ်
စဉ်လာကွယ် မပျက်ခဲ့၊
ရန့်ရယ် သင်းထုံလှိုင်း
နိုင်းစရာမဲ့။

\- ပြင်ဦးလွင် ပန်းပြပွဲ
နွဲကြစို့ ချစ်မိတ်ဆွေ၊
တို့တစ်တွေ အပျော်ဖွဲ့
ပျော်မဲ့ရက်ပေ၊
မသွားခင်က ပျော်ကာနေ
သွားရင်လေ ပျော်ပိုနွဲ့၊
သွားစရာတွေ ပုံအပင်နဲ့
နားစရာတွေ စုံအလင်နဲ့
ပျော်ရွှင်ဆက်။
မြင်ယောင်မိဆဲ။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းအနာဂတ်နှင့်ပတ်သက်၍ ဆွေးနွေးရန် အသင့်ရှိကြောင်း သမ္မတပူတင် ပြောကြား

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်း၏ အနာဂတ်နှင့်ပတ်သက်၍ ယူကရိန်း၊အမေရိကန်၊ဥရောပသမဂ္ဂတို့နှင့်ဆွေးနွေးရန် ပြင်ဆင်ထားကြောင်း ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါနိုင်ငံများအနေဖြင့် ဆန္ဒရှိမည်ဆိုပါက ယူကရိန်းအနာဂတ်နှင့်ပတ်သက်၍ ဆွေးနွေးရန်မိမိတို့အသင့်ရှိကြောင်း၊ သို့သော် ရုရှားနိုင်ငံအနေဖြင့် မိမိ၏အမျိုးသားအကျိုးစီးပွားများကို ကာကွယ်နေမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

မော်စကိုမြို့၌ ကျင်းပခဲ့သည့် ထိပ်တန်းစစ်ရေးခေါင်းဆောင်များ ဆွေးနွေးပွဲတွင် သမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်း၌ဆင်နွှဲနေသည့် အထူးစစ်ဆင်ရေးများ၏ ရည်မှန်းချက်ကို စွန့်လွှတ်မည် မဟုတ်ကြောင်းလည်း သမ္မတပူတင်က အဆိုပါဆွေးနွေးပွဲ၌ အတည်ပြုခဲ့ကြောင်း သိရသည်။

ထို့နည်းတူ မြောက်အတ္တလန်တစ်စာချုပ်(နေတိုး)အဖွဲ့ဝင်ဖြစ်လာမည့်အရေးကိုလည်း ရုရှားနိုင်ငံအနေဖြင့် လက်သင့်ခံမည်မဟုတ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းနယ်မြေစုစုပေါင်း၏ ငါးပုံတစ်ပုံခန့်ကိုထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# ကူဝိတ်အိမ်ရှေ့မင်းသား ရှိတ်ခ်မီးရှား စော်ဘွားသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**ကူဝိတ်စီးတီး ဒီဇင်ဘာ ၂၀**

ကူဝိတ်အိမ်ရှေ့မင်းသား ရှိတ်ခ်မီးရှားအယ်လ်အာမက် အယ်လ်ဆာဘားသည် ယနေ့တွင် ကူဝိတ်စော်ဘွားသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ကူဝိတ်စော်ဘွားသစ် ရှိတ်ခ်မီးရှား၏ကျမ်းသစ္စာဆိုပွဲကို ကူဝိတ်စီးတီးမြို့ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုပြီးချိန်တွင် ကူဝိတ်စော်ဘွားသစ် ရှိတ်ခ်မီးရှားသည် စည်းမျဉ်းဥပဒေများနှင့် မကိုက်ညီသော ရာထူးနေရာများခန့်ထားမှုနှင့်ပတ်သက်၍ အာဏာပိုင်များကို ဝေဖန်ခဲ့ကြောင်း သိရသည်။

ကူဝိတ်အနေဖြင့် ပင်လယ်ကွေ့ဒေသ၊အရှေ့အလယ်ပိုင်းဒေသနှင့် နိုင်ငံတကာ ကတိကဝတ်များကို ဆက်လက်ထိန်းသိမ်းမည်ဖြစ်ကြောင်း ကျမ်းသစ္စာဆိုသည့် မိန့်ခွန်း၌ အတည်ပြုခဲ့သည်။


အသက် ၈၃ နှစ်အရွယ် ရှိတ်ခ်မီးရှားသည် အစ်ကိုဖြစ်သူ ကူဝိတ်စော်ဘွားရှိတ်ခ်နာဝပ်ဖ် မကွယ်လွန်မီကပင် အိမ်ရှင်မင်းသားအဖြစ် ကူဝိတ်နိုင်ငံကို ကိုယ်စားဦးဆောင်နေသူဖြစ်သည်။

ကူဝိတ်စော်ဘွားနာဝပ်ဖ်သည် ဒီဇင်ဘာ ၁၆ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၆ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်နှင့်နီကာရာဂွါနိုင်ငံတို့ နှစ်နိုင်ငံဆက်ဆံရေးအဆင့်မြှင့်တင်



**ပေကျင်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံနှင့်နီကာရာဂွါနိုင်ငံတို့သည် ယနေ့တွင် ၎င်းတို့နှစ်နိုင်ငံသံတမန်ဆက်ဆံရေးအဆင့်မြှင့်တင်ခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအဆင့်မြှင့်တင်ခြင်းဖြင့် တရုတ်နိုင်ငံအနေဖြင့် နီကာရာဂွါအတွက် စီးပွားရေးအကူအညီများပိုမိုပေးအပ်နိုင်မည်ဖြစ်သလို အမေရိကန်နိုင်ငံ၏ နောက်ကျောဘက်တွင်လည်း နေရာယူထားနိုင်မည်ဖြစ်သည်။

တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီးနောက် နီကာရာဂွါနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး စတင်ထားရှိခဲ့သည်။

ယနေ့တွင်မူ တရုတ်နှင့်နီကာရာဂွါနိုင်ငံတို့သည် လက်ရှိနှစ်နိုင်ငံဆက်ဆံရေးအဆင့်ကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ မြှင့်တင်ခဲ့ကြသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးစတင်သည့် ဒုတိယမြောက်နှစ်ပတ်လည်နေ့ဖြစ်သည့် ယနေ့တွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် နီကာရာဂွါသမ္မတအော်တေးဂါနှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဗဟိုအမေရိကနှင့် လက်တင်အမေရိကဒေသတို့၌ အဓိကရင်းနှီးမြှုပ်နှံသူနိုင်ငံအဖြစ် ရပ်တည်နေသော တရုတ်နိုင်ငံသည် နီကာရာဂွါလိုအပ်နေသည့် ဘဏ္ဍာရေးအကူအညီများကို ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ၂၀၂၅ ခုနှစ်တွင် ပြည်ပသကြားများ အိန္ဒိယဝယ်ယူတင်သွင်းရဖွယ်ရှိ

**ဒေလီ ဒီဇင်ဘာ ၂၀**

ကမ္ဘာပေါ်၌ သကြားဒုတိယအများဆုံးထုတ်လုပ်သူနိုင်ငံအဖြစ် ရပ်တည်နေသော အိန္ဒိယနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် သကြားကို ပြည်ပမှ ပြန်လည်ဝယ်ယူတင်သွင်းရနိုင်ဖွယ် ရှိကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ယခုနှစ်သကြားထုတ်လုပ်မှုနှုန်းသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်အတူ မကြုံစဖူးပူပြင်းခြောက်သွေ့သည့်ရာသီဥတုပေါ်ထွက်လာမှုကြောင့် ကျဆင်းသွားနိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အဓိကသကြားထုတ်လုပ်သည့်ပြည်နယ်များဖြစ်ကြသည့် မဟာရက်ရှ်တြပြည်နယ်၊ ကာနာတာကာပြည်နယ်နှင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တို့၏ သကြားထွက်နှုန်းမှာ ယခုနှစ်အတွင်း ကျဆင်းနေကြောင်း အိန္ဒိယသကြားကုန်သည်များနှင့် ကြံစိုက်လယ်သမားများက ပြောကြားထားသည်။

အဆိုပါပြည်နယ်သုံးခု၏ စုစုပေါင်း သကြားအထွက်နှုန်းသည် အိန္ဒိယတစ်နိုင်ငံလုံး သကြားထုတ်လုပ်နိုင်မှုနှုန်း၏ ၈၀ ရာခိုင်နှုန်းနှင့် ညီမျှသည်။

အိန္ဒိယနိုင်ငံသည် ယခုနှစ် စက်တင်ဘာလတွင် ပြီးဆုံးခဲ့သည့် တစ်နှစ်တာကာလအတွင်း သကြားတန်ချိန် မက်ထရစ်တန် ၃၃ ဒသမ ၁ သန်းထိထုတ်လုပ်ခဲ့သည်။

ကမ္ဘာပေါ်၌ သကြားအများဆုံးထုတ်လုပ်သည့်နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ယခုနှစ် စက်တင်ဘာလတွင်ပြီးဆုံးသည့် တစ်နှစ်တာကာလအတွင်း သကြားမက်ထရစ်တန် ၄၆ ဒသမ ၉ သန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယခုနှစ်အတွင်း ဥရောပတစ်ဝန်းခရီးသွားလာမှု ၂၀၂၂ ခုနှစ်ကထက် ပိုမိုမြင့်တက်

**လန်ဒန် ဒီဇင်ဘာ ၂၀**



ယခုနှစ် အားလပ်ရက်ရာသီအတွင်း ဥရောပတစ်ဝန်းခရီးသွားလာမှုများမှာ ၂၀၂၂ ခုနှစ် အားလပ်ရက်ရာသီကထက် ပို၍မြင့်တက်လာကြောင်း စပိန်အခြေစိုက် ဖော်ဝပ်ဒ်ကီးစ်အမည်ရှိ ခရီးသွားလုပ်ငန်းသုတေသနအဖွဲ့က ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် အားလပ်ရက်ရာသီအတွင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဗြိတိန်တို့၌ ခရီးသွားလာမှုနှုန်းသည် ၂၀၂၂ ခုနှစ် အလားတူကာလကထက် ၂၂ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဥရောပတစ်ဝန်းမှ လုံခြုံရေးတာဝန်ရှိသူများက လုံခြုံရေးသတိပေးချက်များ ထုတ်ပြန်ထားသည့်တိုင် ယခုနှစ်အားလပ်ရက်ရာသီအတွင်း ဥရောပတစ်ဝန်းခရီးသွားလာမှုနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးသတိပေးချက်များရှိနေသည့်တိုင် ယခုနှစ်အားလပ်ရက်ရာသီအတွင်း ဥရောပတစ်ဝန်းခရီးသွားလာမှုမြင့်တက်လာရခြင်းသည် ဥရောပမြို့ကြီးများ၏လုံခြုံရေးအစီအမံများကို ခရီးသွားများကယုံကြည်မှုပိုရှိလာသည့်သဘောဖြစ်ကြောင်း ဖော်ဝပ်ဒ်ကီးစ် ကြေညာချက်တွင် သုံးသပ်ထားသည်။

လက်ရှိဖြစ်ပွားဆဲ အစ္စရေး-ဟားမတ်စ်စစ်ပွဲနှင့် ဆက်စပ်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက် လာနိုင်ခြေရှိကြောင်း အားလပ်ရက်ရာသီကာလ ခရီးသွားများအတွက် ဥရောပလုံခြုံရေးတာဝန်ရှိသူများက သတိပေးထားသည်။

တစ်ကိုယ်တော် အကြမ်းဖက်သမားများ၏အန္တရာယ်သည် ယခုနှစ် ခရစ္စမတ်ကာလ ခရီးသွားများအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်နိုင်သည်ဟု ဥရောပလုံခြုံရေးတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## မိုးပျံဘောလုံးတွင် တပ်ဆင်ထားသော GUSTO ရေဒီယိုတယ်လီစကုပ်ဖြင့် ကြယ်များကြားရှိ အာကာသဟင်းလင်းပြင်ကို မြေပုံရေးဆွဲရန် နာဆာစီစဉ်နေ



**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

မိုးပျံဘောလုံးတွင် တပ်ဆင်ထားသော GUSTO အမည်ရှိ ရေဒီယိုတယ်လီစကုပ်ဖြင့် ကြယ်များကြားရှိ အာကာသဟင်းလင်းပြင်ကို မြေပုံရေးဆွဲရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်နေကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် GUSTO ရေဒီယိုတယ်လီစကုပ်တပ်ဆင်ထားသည့် မိုးပျံဘောလုံးကို အန္တာတိကဒေသ ရော့စ်အိုက်စ်ကမ်းပါးနယ်မြေမှတစ်ဆင့် ဒီဇင်ဘာ ၂၁ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

အန္တာတိကဒေသအထက် ကမ္ဘာ့လေထုလွှာအတွင်း ရောက်ရှိချိန်တွင် GUSTO ရေဒီယိုတယ်လီစကုပ်သည် ကြယ်တစ်စင်းနှင့် တစ်စင်းကြားရှိ ကြယ်တာရာဟင်းလင်းပြင်နယ်မြေများကို စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

GUSTO မစ်ရှင်သည် နဂါးငွေ့တန်းကြယ်စုကို သုံးဖက်တိုင်းမြေပုံရေးထုတ်ရေးအတွက် သိပ္ပံပညာရှင်များကို အကူအညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ငွေ့ပမာဏ ကုဗပေ ၃၉ သန်းဖြည့်တင်းထားသည့် နာဆာမိုးပျံဘောလုံးသည် GUSTO ရေဒီယိုတယ်လီစကုပ်ကို သယ်ဆောင်၍ ကမ္ဘာ့လေထုလွှာအတွင်း ၅၅ ရက်ကြာ ပျံသန်းပေးမည်ဖြစ်ကြောင်း သိရသည်။

အန္တာတိကဒေသသည် GUSTO မိုးပျံဘောလုံးရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်ရေးအတွက် အကောင်းဆုံး နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က သက်တမ်းရှေးအကျဆုံး အာကာသတွင်းနက်တစ်ခုကို ရှာဖွေတွေ့ရှိထား


**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ အာကာသတွင်းနက်များအနက် သက်တမ်းရှေးအကျဆုံး အာကာသ တွင်းနက်တစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

GN-Z11 အမည်ရှိ ကြယ်စုတစ်ခုအတွင်းတည်ရှိသည့် အဆိုပါ မဟာအာကာသတွင်းနက်သည် စကြဝဠာစတင်ပေါ်ထွက်လာပြီး နှစ်ပေါင်းသန်း ၄၄၀ ခန့်အကြာတွင် စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ၁ ဒသမ ၆ သန်းကျော်ရှိသည့် အဆိုပါ အာကာသတွင်းနက်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၃ ဘီလီယံထိရှိပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ယနေ့ခေတ် အာကာသတွင်းနက်များကဲ့သို့ပင် စကြဝဠာခေတ်ဦးမှ အာကာသတွင်းနက်များသည်လည်း ရောမကြယ်ကြီးများပြိုကွဲမှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



GN-Z11 ကြယ်စုအတွင်းရှိ သက်တမ်းရှေးအကျဆုံး အာကာသတွင်းနက်ကို သိပ္ပံပညာရှင်များက ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ MIRI နှင့် NIC အမည်ရှိ ကင်မရာစနစ်များအကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂျိမ်းစ်ဝက်ဘ်၏ အထက်ပါ ကင်မရာစနစ်များသည် စကြဝဠာ၏ ရှေးဦးကာလကို လေ့လာနိုင်သော ကင်မရာစနစ်များဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တောင်ဝင်ရိုးစွန်းဒေသ၌ ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုတပ်ဆင်ရန် တရုတ်နိုင်ငံ စီစဉ်ထား

**ပေကျင်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံသည် တောင်ဝင်ရိုးစွန်းဒေသ၌ ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုတပ်ဆင်ရန် စီစဉ်ထားကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တရုတ်သိပ္ပံပညာရှင်များသည် အဆိုပါရေဒီယိုတယ်လီစကုပ်စနစ်၏ ရွေ့ပြောင်းပုံစံကို အန္တာတိကတိုက်၌ စမ်းသပ်ခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံ၏ အန္တာတိက ရေဒီယို တယ်လီစကုပ်စနစ်တွင် ရေဒီယိုတယ်လီစကုပ်ပေါင်း ၁၀၀ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

အန္တာတိက ရေဒီယိုတယ်လီစကုပ်စနစ်သည် ဝင်ရိုးစွန်းဒေသ အာကာသစူးစမ်းရေးလုပ်ငန်းများကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားထားသည်။

တရုတ်သိပ္ပံပညာရှင်များသည် အန္တာတိက ရေဒီယိုတယ်လီစကုပ်စနစ် ရွေ့ပြောင်းပုံစံကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ အန္တာတိကဒေသ၌ စမ်းသပ်ခဲ့ရာ အောင်မြင်မှုများ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုအတွင်း အန္တာတိက ရေဒီယိုတယ်လီစကုပ်ရွေ့ပြောင်းပုံစံသည် ရက်ပေါင်း ၂၄၈ ရက်ဆက်တိုက် အာကာသဟင်းလင်းပြင်ကို လေ့လာနိုင်ခဲ့ပြီး ဝင်ရိုးစွန်းဒေသတွင်မှု အချက်အလက်အမြောက်အမြား ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်သိပ္ပံပညာရှင်များသည် အန္တာတိကရေဒီယိုတယ်လီစကုပ်စမ်းသပ်မှုကို အန္တာတိကဒေသရှိ ကျုံးရှန်းအခြေစိုက်စခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၌ နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာပေါ်နိုင်ခြေမြင့်မား

**စတော့ဟုမ်း ဒီဇင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၌ နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ (Atrial Ribritlation) ဖြစ်နိုင်ခြေမြင့်မားကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ဆွီဒင်နိုင်ငံ အူမီယာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများသည် မဖြစ်ပွားဖူးသူများနှင့် နှိုင်းယှဉ်ပါက ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီး တစ်လအတွင်း နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာပေါ်လာနိုင်ခြေ ၁၁ ဆ ပိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါလူနာများ၏ နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ ကြုံရနိုင်ခြေသည် ရောဂါစတင်ဖြစ်ပွားပြီး အနည်းဆုံး နောင်နှစ်လကြာသည်ထိ တည်တံ့နေတတ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ ပေါ်လာနိုင်ခြေမြင့်မားမှုတွင် လူနာ၏ အသက်အရွယ်နှင့် ရောဂါအပြင်းအပျော့များက အဓိကနေရာ၌ ပါဝင်နေဖွယ်ရှိကြောင်း ဆွီဒင်သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်း ကိုဗစ်-၁၉ ရောဂါလူနာများနှင့် ရောဂါပြင်းထန်သူများ၌ နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာပေါ်နိုင်ခြေမှာ ပုံမှန်ထက်ပိုမြင့်မားသည်ကို တွေ့ရကြောင်း ဆွီဒင်သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ရောဂါလူနာများနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ခြင်းမရှိသူများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကလေးဘဝ အတက်ရောဂါပုံစံတစ်မျိုးအတွက် မျိုးဗီဇကုထုံးကို သုတေသနပညာရှင်များဖန်တီးထား

**လန်ဒန် ဒီဇင်ဘာ ၂၀**

ဆေးယဉ်ပါးနေသည့် ကလေးဘဝ အတက်ရောဂါပုံစံတစ်မျိုးအတွက် မျိုးဗီဇကုထုံးတစ်ရပ်ကို သုတေသနပညာရှင်များက ဖန်တီးထားကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

ဆေးယဉ်ပါးမှုရှိနေတတ်သည့် Focal Cortical Dsyplasia ခေါ် အထက်ပါ ကလေးဘဝအတက်ရောဂါသည် ဦးနှောက်နယ်မြေများ ဖွံ့ဖြိုးမှု မူမမှန်တော့သည့်အချိန်တွင် ဖြစ်ပွားတတ်သည်။


သို့ရာတွင် ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ ဖန်တီးထားသည့် မျိုးဗီဇကုထုံးသည် Focal Cortical Dsyplasia အတက်ရောဂါကို ကုသရာတွင် ကူညီနိုင်ကြောင်း သိရသည်။

မိမိတို့၏ မျိုးဗီဇကုထုံးသစ်သည် Focal Cortical Dsyplasia လူနာများ ကြုံတွေ့ရတတ်သည့် သတိလစ်မေ့မြောမှု ပြဿနာကို ကြိမ်ရေလျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ပြီးခဲ့သည့် ၁၀ နှစ်ကျော်အတွင်း နိုင်ငံတကာဆေးပညာရှင်များသည် Focal Cortical Dsyplasia အတွက် ထိရောက်သည့် ဆေးဝါးသစ်များ အသုံးပြုနိုင်ခဲ့သည်။

လက်ရှိအချိန်တွင် Focal Cortical Dsyplasia လူနာသုံးပုံတစ်ပုံခန့်မှာ အဆိုပါဆေးများကို တုံ့ပြန်မှုမရှိတော့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# MFF AYA Pay Women's Futsal Championship 2023 ပြိုင်ပွဲနောက်ဆုံးပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် MFF AYA Pay Women's Futsal Championship 2023 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက MFF Futsal Stadium တွင် ကျင်းပခဲ့ရာ Divine FC အသင်းက YRGFC အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲတွင် စုစုပေါင်း ရမှတ် ၁၄ မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် နောက်ဆုံးပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ MFF AYA Pay Women's Futsal Championship 2023 ပြိုင်ပွဲများကိုကိုင်တွယ်ခဲ့သော ဒိုင်လူကြီးများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်က အမှတ်တရဆုတံဆိပ်များကိုလည်းကောင်း၊ ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆုရရှိသော YRG FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် သုံးသိန်းကိုလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး အကောင်းဆုံးဂိုးသမားဆုရရှိသော YRG FC အသင်းမှ ချောစန္ဒီအောင်ကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်း၊ အကောင်းဆုံး ကစားသမားဆုရရှိသော Divine FC အသင်းမှ အေးအေးထွေးကို ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွန်းက အမှတ်တရဆုနှင့်ဆုကြေးငွေကျပ် နှစ်သိန်း၊ တတိယဆုရရှိသော Yangon Youth FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသော YRG FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၁၅ သိန်းကို အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ပထမဆုရရှိခဲ့သော Divine FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဘိုဌေးက တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**STA**

# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Squash အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ အားကစားဆေးဘက်ဌာနခွဲနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအလိုက်ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူနည်းပြများက ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြိုင်ပွဲစည်းမျဉ်း၊စည်းကမ်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး အသီးသီးဆွေးနွေး တင်ပြခဲ့ကြရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးနောက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ပြုလုပ်ခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုအတွက် ငွေကျပ် သိန်း ၃၀၊ ဒုတိယဆုအတွက် ငွေကျပ် သိန်း ၂၀၊ တတိယဆုအတွက် ငွေကျပ် ၁၅ သိန်း၊ စတုတ္ထဆုအတွက် ငွေကျပ် ၁၀ သိန်း၊ အကောင်းဆုံးအားကစားသမားဆုများအတွက် ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်း ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၇ နာရီခွဲမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁)၊ (၃)နှင့် လယ်ဝေးအားကစားကွင်း(TC-2)တို့၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၇နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီတွင် လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် လယ်ဝေးကွင်း(TC-2)၌ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# PGA Tour က ကာဘရီရာကို ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြု

**ဂျူရိန့်ခ်အေရိခ် ဒီဇင်ဘာ ၂၀**

PGA Tour တွင် အဓိကဆုဖလားနှစ်လုံး ဆွတ်ခူးထားသည့် အာဂျင်တီးနားဂေါက်သီးရိုက်ကစားသမား ကာဘရီရာသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် လိင်အကြမ်းဖက်မှုအပြင် အခြားသောဥပဒေချိုးဖောက်မှုများကြောင့် ထောင်ဒဏ် နှစ်နှစ် လေးလကျခံခဲ့ရပြီးနောက် ယခုနှစ် ဩဂုတ် ၄ ရက်တွင် ထောင်မှပြန်လည်လွတ်မြောက်လာခဲ့ပြီး ကျူးလွန်ခဲ့သောပြစ်ဒဏ်များကြောင့် PGA Tour က ယခုနှစ်အတွင်း ကာဘရီရာကို ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ထားရာမှ ၂၀၂၄ ခုနှစ်မှစ၍ PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပြန်လည်ပါဝင်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။

ကာဘရီရာ ကျူးလွန်ခဲ့သောပြစ်ဒဏ်များနှင့်ပတ်သက်ပြီး PGA Tour အနေဖြင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်မဟုတ်ဘဲ အိမ်တွင်း အကြမ်းဖက်မှုသာဖြစ်သည့်အတွက်ကြောင့် ပြိုင်ပွဲဝင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကာဘရီရာသည် ၂၀၀၇ ခုနှစ်တွင် US Open ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုနှင့် ၂၀၀၉ ခုနှစ်တွင် The Masters ဂေါက်သီးရိုက်ချန်ပီယံဆုတို့ကို ဆွတ်ခူးခဲ့သူဖြစ်ပြီး အတူနေချစ်သူဖြစ်သူ စီစီလီယာက အိမ်တွင်းအကြမ်းဖက်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စီစီလီယာမှ တရားစွဲဆိုခဲ့ပြီးနောက် ကာဘရီရာ၏ အတူနေချစ်သူဟောင်း တစ်ဦးဖြစ်သူ အက်ကူဒါရိုကလည်း ကာဘရီရာကို အိမ်တွင်းအကြမ်းဖက်မှုဖြင့် ထပ်မံတရားစွဲဆိုခဲ့သောကြောင့် ကာဘရီရာအနေဖြင့် ပြစ်ဒဏ်ထင်ရှားခဲ့သည့်အတွက် ထောင်ဒဏ်နှစ်နှစ် လေးလကျခံခဲ့ရသူဖြစ်သည်။

ကာဘရီရာက "ကျွန်တော့်ဘဝမှာအမှားတွေ အများကြီးလုပ်မိခဲ့တယ်။ ကျွန်တော်လုပ်ချင်တာတွေလုပ်ခဲ့မိတယ်။ ကျွန်တော့်ကြောင့် စိတ်ဆင်းရဲခဲ့ရတဲ့သူတွေအားလုံးကိုတောင်းပန်ပါတယ်။အခု ကျွန်တော်ထောင်ကနေ ပြန်လည်လွတ်မြောက်လာပြီး ကျွန်တော်ချစ်တဲ့ ဂေါက်သီးရိုက်အားကစားဘက်ကို အာရုံစိုက်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နည်းပြဟောင်းကာဗာဒေးနှင့် ပြန်လည်လက်တွဲမည်ဟု အမ်မာရာဒူကာနူ ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၀**

ဗြိတိန်နာမည်ကြီးတင်းနစ်မယ်ဖြစ်သူ အမ်မာရာဒူကာနူသည် ၂၀၂၁ ခုနှစ်တွင် US Open တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ပြီးနောက် တင်းနစ်လောကတွင် အသက်အငယ်ဆုံး ဂရန်းစလန်းချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီးနောက်ပိုင်း ဒဏ်ရာပြဿနာကြောင့် အောင်မြင်မှုများဆွတ်ခူးနိုင်ရန် ရုန်းကန်ခဲ့ရသည်။

ထို့ပြင် ၂၀၂၁ ခုနှစ်နောက်ပိုင်း နည်းပြအပြောင်းအလဲ များစွာပြုလုပ်ခဲ့သည့် အမ်မာရာဒူကာနူအနေဖြင့် ၂၀၂၄ ခုနှစ် တင်းနစ်ရာသီတွင် အောင်မြင်မှုများပြန်လည်ဆွတ်ခူးနိုင်ရေးအတွက် နည်းပြဟောင်းဖြစ်သူ ကာဗာဒေးနှင့် ပြန်လည်၍ လက်တွဲအလုပ်လုပ်မည်ဖြစ်ကြောင်း ယနေ့တွင်ထုတ်ပြန်ကြေညာခဲ့သည်။

အမ်မာရာဒူကာနူသည် ယခုနှစ် တင်းနစ်ရာသီတွင်လည်း ဒဏ်ရာပြဿနာဖြင့်သာ လုံးပန်းနေခဲ့ရပြီး ရှစ်လခန့်ထိ ပြိုင်ပွဲဖြင့်လွဲချော်ခဲ့ရသူဖြစ်ကာ ၂၀၂၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပစ်မှတ်ထားနေသူဖြစ်ပြီး ၎င်းပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုပြုလုပ်ရာတွင် ကာဗာဒေး၏လမ်းညွှန်မှုနှင့်အတူ ပြုလုပ်နေပြီဖြစ်သည်။



ကာဗာဒေးသည် အမ်မာရာဒူကာနူ တင်းနစ်အကယ်ဒမီတွင် တက်ရောက်ခဲ့စဉ် ကတည်းက နည်းပြအဖြစ် တာဝန်ယူပေးခဲ့သူဖြစ်ပြီး ၎င်းသည် Lawn Tennis Association အသင်းလက်အောက်ရှိ တင်းနစ်အကယ်ဒမီ၌သာ တာဝန်ထမ်းဆောင်လိုသည့်အတွက် ပရော်ဖက်ရှင်နယ်တင်းနစ်မယ်ဘဝသို့ ကူးပြောင်းခဲ့သည့် အမ်မာရာဒူကာနူနှင့် လက်တွဲဖြုတ်ခဲ့သူဖြစ်သည်။

ယခုအခါ အမ်မာရာဒူကာနူက နည်းပြအဖြစ် တာဝန်ယူပေးရန် ကမ်းလှမ်းခဲ့ခြင်းကြောင့် ကာဗာဒေးက ကမ်းလှမ်းမှုကိုလက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

(၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ **"ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့"** ဆိုသည့်ဆောင်ပုဒ်ဖြင့် ကျင်းပလျက်ရှိသည်။ မျိုးဆက်သစ်လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သောအခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ အလားတူ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် လူငယ်နှင့် စာပေပွဲတော်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် ကလေးစာပေပွဲတော်များကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အခါအားလျော်စွာ ကျင်းပပေးလျက်ရှိသည်။ ထိုပွဲတော်များတွင် စာအုပ်ဝယ်ရန် တိုးဝှေ့ရွေးချယ်နေသောကလေးများ၊ စိတ်ပါဝင်စားစွာ စာဖတ်နေသောကလေးများ၊ ဂိမ်းကစားနေသောကလေးများ၏ ပျော်ရွှင်ကြည်နူးနေသည့်ပုံရိပ်များကိုတွေ့မြင်ရသည့်အခါ မိဘတစ်ဦးအနေဖြင့် ပီတိဖြစ်ရသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့၏ ပေါင်းစပ်စီစဉ်မှုဖြင့် အခြားသောမြို့များနှင့် အထက်တန်းကျောင်းများတွင်လည်း လူငယ်နှင့် စာပေအနုပညာပွဲတော်များကို အခါအားလျော်စွာကျင်းပပေးနိုင်မည်ဆိုလျှင် အနာဂတ်လူငယ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

**ကောင်းမွန်သောရည်ရွယ်ချက်များ**

နိုင်ငံတော်အစိုးရသည် အနာဂတ်ခေါင်းဆောင်များ ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်၊ စုပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူ၍ ဗလငါးတန်မြှင့်တင်ပေးရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ၎င်းတို့၏အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရန် ဆိုသည့် ကောင်းမွန်ပြည့်စုံသောရည်ရွယ်ချက်များဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်များ ကျင်းပနေခြင်းဖြစ်သည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်**

စင်စစ်အားဖြင့် လူငယ်နှင့်စာပေအနုပညာပွဲတော်များသည် ကလေးများ စာဖတ်ဝါသနာပါလာစေရန်နှင့် စာပေဖွံ့ဖြိုးတိုးတက်လာစေရန်ပင်ဖြစ်သည်။ အထူးသဖြင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှသာလျှင် ကလေးများလည်း စာဖတ်နိုင်ခွင့်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်။ ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါသောကလေးသည် အရွယ်ရောက်လာသည့်အခါ နိုင်ငံတော်ကအားထားရသည့် လူငယ်များဖြစ်လာကြသည်။ ဆိုရလျှင် စာဖတ်သူသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ဝေဖန်ခွဲခြားဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးများသည် နှလုံးသားနူးညံ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတွေးနည်းပါးကြသည်။ အပြုသဘောဆောင်စွာတွေးခေါ်တတ်ကြသည်။ လူကြီးမိဘများအပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။

❖ လူငယ်ဆိုသည်မှာ သွက်လက်ထက်မြက်သည်။ အတုမြင်လျှင် အတတ်သင်မြန်သည်။ ပင်ကိုစိတ်ရင်းဖြူစင်၍ ချစ်စဖွယ်ကောင်းလှသည်။ လူငယ်တို့အတွက် ပတ်ဝန်းကျင်ကောင်းများ လိုအပ်လှပေသည်။ လူငယ်တို့သည် ရွေးချယ်မှုမမှားစေရန် အထူးလိုအပ်လှသည်။ လမ်းကောင်းကို ရွေးချယ်မိမှသာလျှင် အဖိုးတန်သားကောင်း၊ သမီးရတနာလေးများဖြစ်လာနိုင်မည်ဖြစ်သည်။ လူငယ်များ တော်တည့်မှန်ကန်စွာ တွေးခေါ်ဆုံးဖြတ်နိုင်သည့်အသိဉာဏ်ကို စာပေကသာ ပေးစွမ်းနိုင်မည်ဖြစ်သည်။ ❖

ထိုကလေးများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြသည်။

**အလေးထားဆောင်ရွက်**

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပင်ဖြစ်သည်။ စာဖတ်သည့်လူငယ်များသည် လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်သည်။ အထူးသဖြင့် ပညာတတ်လူငယ်များပေါ်များသည့်နိုင်ငံတွင် တိုးတက်မှုကို မြန်မြန်ဆန်ဆန်ဖော်ဆောင်နိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်ခေါင်းဆောင်များ ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြသည်။

**တိုးတက်မှုကိုဖော်ဆောင်နိုင်**

ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်သောကလေးသည် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိကြသည်။ မိမိတိုးတက်မှုကိုရှာဖွေနိုင်ကြသည်။ မိဘများသည် စာဖတ်ဝါသနာပါသော ကလေးများ၏အရေးအရာများတွင် အမြဲတစေပါဝင်နေရန်မလိုပေ။ ဆိုရလျှင် စာဖတ်နေသောကလေးတစ်ဦးသည် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့်အရာကို ပိုင်ဆိုင်ထားနိုင်ပေသည်။ ကျရှုံးမှုများ၊ အခက်အခဲများ ကျော်လွှားနိုင်သည့်နည်းလမ်းများကို စာအုပ်စာပေများမှ တူးဆွရှာဖွေထားပြီးဖြစ်သည်။ ထို့ပြင် အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးငယ်များသည် ဘဝခရီးလမ်းတွင် တိုးတက်ပြီးရင်း တိုးတက်လျက်ရှိကြသည်။

**ပျော်ရွှင်မှုဖန်တီးပေးသင့်**

မျက်မှောက်ခေတ်ကလေးငယ်များသည် သနားစရာကောင်းလှသည်။ ကလေးသဘာဝ ကစားချိန်၊ နားချိန်နည်းပါးလာသည်။ လောဘကြီးသောမိဘများသည် ပြိုင်ဆိုင်မှုပြင်းထန်လွန်းလှသည်။ ကလေးငယ်များကို အတန်းတိုင်းမှာ ပထမရရှိရေးအတွက် ဖိအားပေးကြသည်။ အချို့သောကလေးများသည် ဘာသာရပ်တစ်မျိုးတည်းကိုပင် ဆရာသုံးယောက်ထံ တစ်ပြိုင်တည်းသင်ယူနေကြရသည်။ ကလေးများသည် အရွယ်နှင့်မလိုက်အောင် ဝန်ပိနေတတ်ကြသည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏အတ္တကို ရှေ့တန်းမတင်ဘဲ ကလေးများ၏ပျော်ရွှင်မှုကိုလည်း ဖန်တီးပေးထားသင့်သည်။

ရုံးပိတ်ရက်များတွင် ကလေးများကို စာကြည့်တိုက်များ၊ ကစားကွင်းများ၊ အပန်းဖြေပန်းခြံများနှင့် တိရစ္ဆာန်ရုံများသို့ လိုက်ပို့ခြင်း၊ ရုပ်ရှင်ပြသခြင်းမျိုး လုပ်ပေးသင့်သည်။ ကလေးများဝယ်ချင်သည့် စာအုပ်စာစောင်များ၊ စားချင်သည့် ကောင်းနိုးရာရာ အစားအသောက်များကို ဝယ်ကျွေးသင့်သည်။ သို့မှသာလျှင် ကလေးများသည် တစ်ပတ်လုံးပင်ပန်းနွမ်းနယ်ထားသမျှ ပြေပျောက်နိုင်ပြီး စာသင်ယူရာတွင် ဦးနှောက်ကြည်လင်တက်ကြွနေမည်ဖြစ်သည်။ အထူးသဖြင့် မိဘများသည် မိမိသား၊ သမီးများ စိတ်ခွန်အားပြည့်ဝနေစေရန်အတွက် ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါနေအောင် အလေ့အကျင့်လုပ်ထားရန်လိုပေသည်။

**အရေးပါသောကျောင်းစာကြည့်တိုက်များ**

ကျောင်းစာကြည့်တိုက်များသည် ကျောင်းနေအရွယ်ကလေးငယ်များ စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာအရေးပါလျက်ရှိသည်။ တတ်နိုင်ပါက ကျောင်းစာကြည့်တိုက်များတွင် ကလေးငယ်များကြိုက်နှစ်သက်သည့် ရုပ်ပြစာအုပ်စာစောင်များ၊ ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ စသည်ဖြင့် ကဏ္ဍစုံစွာတင်ထားသင့်သည်။ ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့်ဖွင့်ထားသင့်ပေသည်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးများကလည်း ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ဝင်နိုင်ရေးအတွက် စီမံထားသင့်ပေသည်။ ကျောင်းပိတ်ရက်များတွင် ကလေးများကို စာအုပ်ငှားပေးသင့်သည်။ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဆိုလျှင် ကလေးများ၏စာဖတ်နှုန်းသည် သိသိသာသာတိုးတက်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် ဟားဗတ်တက္ကသိုလ်ရှိစာကြည့်တိုက်တွင် နံနက် ၃ နာရီအချိန်ထိ စာဖတ်သူများရှိနေသည်ဟုဆိုသည်။ ထိုမျှစာဖတ်သူများသည် မတိုးတက်စရာအကြောင်းမရှိချေ။

**ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့**

လူငယ်ဆိုသည်မှာ သွက်လက်ထက်မြက်သည်။ အတုမြင်လျှင် အတတ်သင်မြန်သည်။ ပင်ကိုစိတ်ရင်းဖြူစင်၍ ချစ်စဖွယ်ကောင်းလှသည်။ လူငယ်တို့အတွက် ပတ်ဝန်းကျင်ကောင်းများ လိုအပ်လှပေသည်။ လူငယ်တို့သည် ရွေးချယ်မှုမမှားစေရန် အထူးလိုအပ်လှသည်။ လမ်းကောင်းကို ရွေးချယ်မိမှသာလျှင် အဖိုးတန်သားကောင်း၊ သမီးရတနာလေးများဖြစ်လာနိုင်မည်ဖြစ်သည်။ လူငယ်များ တော်တည့်မှန်ကန်စွာတွေးခေါ်ဆုံးဖြတ်နိုင်သည့်အသိဉာဏ်ကို စာပေကသာ ပေးစွမ်းနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံရှိ အချို့သောမြို့ကြီးများတွင် လူငယ်နှင့် စာပေအနုပညာပွဲတော်များ ကျင်းပလာသည့်အတွက် ကျောင်းသားမိဘတစ်ဦးအနေဖြင့် များစွာပီတိဖြစ်ရသည်။ စာပေပွဲတော်များသည် လူငယ်များကို ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်နေအောင် အခွင့်အလမ်းဖန်တီးပေးထားခြင်းပင်ဖြစ်သည်။ စာပေဝါသနာပါသောလူငယ်များသည် ဘဝပန်းတိုင်အတွက် အခက်အခဲများကို ကျော်လွှားရာတွင် မှန်ကန်စွာချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ ထိုကလေးများသည် အနာဂတ်တွင် တိုင်းပြည်က အားထားရသောခေါင်းဆောင်များဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်နှင့် စာပေအနုပညာပွဲတော်များကို ကျေးလက်ဒေသပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်သာ လွှမ်းခြုံကျင်းပသွားနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် စာပေသည် လူငယ်တစ်ဦး၏ အနာဂတ်ဘဝတိုးတက်အောင်မြင်ရေးအတွက် များစွာအခရာကျလျက်ရှိပေသည်။

# ဘားအံမြို့နယ် ခြံကလေး-သမင်ကုန်းကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့် ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခြံကလေး-သမင်ကုန်းကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ခြံကလေး-သမင်ကုန်း ကျေးရွာချင်းဆက်လမ်းတွင် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ခြံကလေး-သမင်ကုန်းကျေးရွာချင်းဆက်လမ်းတွင် အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၅ ဒသမ ၆၄ သန်းဖြင့် ခနတိုးပွားကုမ္ပဏီက ယခုနှစ် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက ခြံကလေးကျေးရွာနှင့် သမင်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ဆက်လှ**

# ဗဟန်းမြို့နယ် အမရပန်းချီပြခန်းတွင် ပန်းချီဆရာခြောက်ဦး၏ ရေဆေးပန်းချီကားများကို အွန်လိုင်းပန်းချီပြပွဲအဖြစ် ပြသမည်



**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမရပန်းချီပြခန်းတွင် ပန်းချီဆရာခြောက်ဦး၏ ရေဆေးပန်းချီကားများကို အွန်လိုင်းပန်းချီပြပွဲအဖြစ် ဒီဇင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၅ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ မသန္တာဝင်းလွင်က ပြောပြ၍ သိရသည်။

အဆိုပါရေဆေးပန်းချီကားပြပွဲတွင် ရေဆေးပန်းချီလောက၌ ထင်ရှားသည့် ပန်းချီ ဆရာဆောင် (၁၈၉၈-၁၉၅၂)၊ ပန်းချီ ဦးငွေကိုင် (၁၉၀၁-၁၉၆၇)၊ ပန်းချီရတနာပုံ မောင်စု (၁၉၀၁-၁၉၆၅)၊ ပန်းချီ ဦးဘသက်(၁၉၀၃-၁၉၇၂)၊ ပန်းချီ ဦးချစ်မောင် (၁၉၀၈-၁၉၇၃)၊ ပန်းချီ ဦးကြည် (၁၉၀၃-၁၉၈၇)တို့၏ ပန်းချီကား ၁၂ ကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေဆေးပန်းချီလောကမှာ ထင်ရှားတဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာ ပန်းချီကားတွေကို အွန်လိုင်းပြပွဲအနေနဲ့ ပြသပေးမှာဖြစ်ပါတယ်။ ပန်းချီကားအများစုကတော့ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ရေးဆွဲထားတဲ့ ပန်းချီကားတွေဖြစ်ပါတယ်။ အားလုံး ပန်းချီကား ၁၂ ကားပဲ ပြသနိုင်တာဖြစ်ပါတယ်"ဟု အမရ ပန်းချီပြခန်းတာဝန်ခံ မသန္တာဝင်းလွင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင်ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄)လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ၁၅ သိန်းမှ အများဆုံး ငွေကျပ် သိန်း ၅၀ ထိရှိကြောင်း သိရသည်။ ASH

# Firebrand ရုပ်ရှင်ဇာတ်ကား ၂၀၂၄ ခုနှစ် ဇွန် ၂၁ ရက်တွင် ရုံတင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၀**

Firebrand အမည်ရှိ သမိုင်းနောက်ခံလျှို့ဝှက်သည်းဖိုဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇွန် ၂၁ ရက်တွင် မြောက်အမေရိက ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို Roadside Attraction ရုပ်ရှင်ဖြန့်ချိရေးက မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ တာဝန်ယူ ရုံတင်ပြသမည်ဖြစ်ပြီး Firebrand ဇာတ်ကားသည် အင်္ဂလန်ဘုရင် ဟင်နရီ- ၈ နှင့် ဆဋ္ဌမမြောက်နှင့် နောက်ဆုံးကြင်ယာတော် မိဖုရား ကတ်သရင်းပါးတို့၏ နောက်ဆုံးလများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာမ အဲလစ်ဇဘတ်ဖရီးမင်တယ်၏ Queen's Gambit အမည်ရှိ သမိုင်းဝတ္ထုကိုအခြေခံ၍ ဘရာဇီး ဒါရိုက်တာ ကာရင်အိုင်းနော့က ရိုက်ကူးပေးထားသည်။

Firebrand ဇာတ်ကားတွင် မင်းသား ဂျုပ်လောက ဟင်နရီ-၈ ဘုရင်အဖြစ်၊ မင်းသမီး အလီရှာမီကန်ဒါက မိဖုရားကတ်သရင်းပါး အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် Miss Global 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကေရီဆု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် Miss Global 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကေရီဆု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

Miss Global 2023 ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်မှစတင်ကာ ဇန်နဝါရီ ၁၈ ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၆၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကေရီဆုက ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲဝင်ပြိုင်ဖို့ ပြိုင်ပွဲအတွေ့အကြုံမရှိသေးတော့ ကြောက်ခဲ့တယ်။ ဒီပြိုင်ပွဲက ကိုယ့်အတွက် ပထမဆုံးခြေလှမ်းဖြစ်တယ်။ ကိုယ်တိုင်ကလဲ စိန်ခေါ်မှုအသစ်တွေကြိုးစားလုပ်ဆောင် ကြည့်ချင်တယ်။ လက်ရှိ ဒီပြိုင်ပွဲဝင်ပြိုင်ဖို့ အခု Catwalk တွေ အချိန်ယူ Train နေတယ်။ Presentation အပိုင်းတွေ၊ ဘာသာစကားပိုင်းကောကို သေချာလုပ်နေပါတယ်။ Body ပိုင်းကိုလဲ ပိုပြီး Perfect ဖြစ်အောင် ပြင်ဆင်နေပါတယ်။ ဒီပွဲအတွက် အများကြီး မျှော်လင့်ထားလို့ အကောင်းဆုံး လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု Miss Global Myanmar 2023 အလှမယ် ကေရီဆုက ပြောပြသည်။




Miss Global ပြိုင်ပွဲသည် ၂၀၁၃ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် နိုင်ငံတကာအဆင့်အလှမယ်ပြိုင်ပွဲတစ်ခုဖြစ်ပြီး Production ကောင်းမွန်မှု၊ ပြိုင်ပွဲဝင်များပြားမှုများကြောင့် အချိန်တိုအတွင်း လူသိထင်ရှားလာသည့် အမေရိကန်နိုင်ငံတွင် အခြေစိုက်ထားသော ဗီယက်နမ်နိုင်ငံသားများက ဦးစီးဆောင်ရွက်သည့် ပြိုင်ပွဲလည်းဖြစ်ကြောင်း သိရသည်။

ASH

# ယူနီဗာဆယ်၏ သွေးစုပ်မိစ္ဆာဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးပြီဖြစ်

**နယူးယောက် ဒီဇင်ဘာ ၂၀**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ တရားဝင် ဇာတ်ကားနာမည်မရှိသေးသည့် သွေးစုပ်မိစ္ဆာထိတ်လန့်သည်းဖိုဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို Scream 6 ဒါရိုက်တာ မက်ဘက်တီနယ်လီ အော်ပင်နှင့် တေလာဂျီးလက်တို့က တာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသမီး မယ်လစ်ဆာဘာရီရာ၊ မင်းသား ဒန်းစတီဗင်နှင့် ကီဗင်ဒူးရန်းတို့ ပါဝင်သရုပ်ဆောင်ထားသည်။


၎င်းဇာတ်ကား၏ နာမည်မှာ Dracula's Daughter ဖြစ်ကြောင်း သတင်းများ ပေါ်ထွက်နေသော်လည်း ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက အတည်ပြုထားခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် သွေးစုပ်ဖုတ်ကောင် ဒရာကူလာ၏ ရင်သွေးတစ်ဦးကို ပြန်ပေးဆွဲမိခဲ့သည့် ပြန်ပေးသမားတစ်စု၏ အဖြစ်ကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဖင်ရှီးက တာဝန်ယူရေးသားပေးခဲ့သည်။

၎င်းဇာတ်ကားသစ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)အစီအစဉ်ဖြင့် (၁၃) ကြိမ်မြောက် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင် တာမွေမြို့နယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)က သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင်ကျင်းပမည့် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲမှာ (၁၃) ကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး သက်ကြီးဂီတပညာရှင်ဦးရေ ၁၂၀ ခန့်ကို ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကတော့ (၁၃) ကြိမ်မြောက် ပူဇော်ကန်တော့မှာ ဖြစ်ပါတယ်။ ဒီဇင်ဘာ ၃၀ ရက်မှာ ကန်တော့ပွဲ ကျင်းပပြုလုပ်သွားမှာပါ။ မဟာဂီတ၊ ကာလပေါ်၊ စတီရီယို၊ စက်မှုနဲ့ ထုတ်လုပ်အလွှာက သက်ကြီးဂီတပညာရှင်ကြီးတွေကို ကန်တော့မှာဖြစ်ပါတယ်။ ကန်တော့ပွဲကို မလာရောက်နိုင်တဲ့ သက်ကြီးဂီတပညာရှင်ကြီးတွေကို အိမ်တိုင်ရာရောက်သွားရောက် ကန်တော့မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌဦးလွင်မြင့်က ပြောပြသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)အနေဖြင့် ဂီတပညာရှင်များကို မဟာဂီတအလွှာ၊ ကာလပေါ်ဂီတအလွှာ၊ စတီရီယိုအလွှာ၊ စက်မှုနှင့် ထုတ်လုပ်အလွှာများအဖြစ် သတ်မှတ်ထားပြီး အလွှာအသီးသီးမှ တေးရေး၊ တေးဆို၊ တီးခတ်၊ အသံသွင်း၊ စက်မှုဆိုင်ရာ ဂီတပညာရှင်များကြီးများအနက် အသက် ၇၅ နှစ်နှင့်အထက် ဂီတပညာရှင်ကြီးများကို ရွေးချယ်ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing opens and addresses 76th Anniversary Independence Day commemorative Youth and Literature Arts Festival


Senior General Min Aung Hlaing waves as the 76th Anniversary Independence Day commemorative Youth and Literature Arts Festival opens.


Senior General Min Aung Hlaing and Daw Kyu Kyu Hla watch skills demonstration of young sports athletes.

**Nay Pyi Taw December 20**

Opening ceremony of the 76th Anniversary Independence Day commemorative Youth and Literature Arts Festival was held at indoor stadium B of Wunna Theikdi Sports Stadium here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, ministry officials, men of letters, artists, teachers, students and novice monks from monastic education schools.

First, the Senior General formally opened the festival, and artistees from Fine Arts Department, Ministry of Religious Affairs and Culture sang the song "Youth and literature arts".

In his address, the Senior General said it is a grand ceremony that honours the independence, which is the jewel of the country, and remembers and honours the forefathers, the architects of independence. So, it is an auspicious occasion.

The country's historical facts notify the wicked schemes of the colonialists and teach us a lesson that without national strength or in other words national solidarity, the country can lose its independence in a short time.

Throughout history, all the Myanmar national races were living in unity for many years in weal and woe. Because of greed and aggression of colonial countries, small countries including Myanmar fell under enslavement.

The ancestors sacrificed lots of blood and sweat with full patriotism to regain independence 76 years ago amidst the wicked schemes and divide-and-rule tactics of the colonialists.

The consequences of colonialists' divide-and-rule policy can still be found among ethnic races. In this regard, all must arouse the awareness of new generation youths to collectively safeguard the nation and to constantly monitor the steps of neocolonialists.

According to the current global situation or the objective condition of the country, non-disintegration of Union, non-disintegration of national solidarity and perpetuation of sovereignty are the most essential and required national vision, goal and duty.

During the post-cold war period, big countries are applying multiple strategic political, economic and cultural approaches to control or exercise influence over weak countries.


Senior General Min Aung Hlaing presents cash rewards to students and performers.

Especially, some big countries penetrate developing countries by deploying their followers in order to instigate these countries with fueling problems based on racism and religions and


Senior General Min Aung Hlaing enjoys the performance of ethnic people.

cause instability with various ways and means of instigations. These big countries applying wordings of human rights and democracy portray the small countries as they like with putting pressure and intimidation in all means so as to put these countries under their influence.

At that time, these small countries like Myanmar have to deeply take care of situation if they are unable to safeguard themselves, they may cause disintegration and be under their influence.

Moreover, if individuals grasp doubts, selfishness and wrong attitudes without unity among them in turning a blind eye to interests of the State and the people, they will face terrible dangers. As such, everybody needs to serve interests of the State and the people with correct knowledge and awareness.

Today's festival aims to enable individuals to know history of Independence Day all citizens adore and Independence struggles, to raise national spirit and patriotic spirit among youths, and participate in nation-building endeavours with well-versed knowledge and correct attitudes thanks to literary and fine arts power.

In reviewing global countries, almost all the countries invest social capital and intellectual capital for developmen of the society with competitiveness so as to nurture new generation youths.

Today's youth and literary fine arts festival is an investment for youths who are valuable for development of human resource for the country among other essential investments.

The Senior General recounted his reitrated speech, saying that plentiful educated human resource is basic for development of a country. As he firmly believes that well-versed human resources are essential for the country, he urged the government needs to emphasize education promotion of all citizens.

Everybody knows that youth is a human resource reliable for a society. Despite changing political systems and eras, youth generations must have sharpening and outstanding of attitude, experiences, qualification and capability. To do so, everybody needs to give a helping hand to the youths to be able to walk on the development path for the youth with chances for endeavours and enhancement of capacity. As the government firmly believes that the whole youth force is future f the State, it implements youth affairs policies and youth development plans. Moreover, the government See Page 13



Senior General Min Aung Hlaing views documentary photos.



Senior General Min Aung Hlaing views documentary photos.

From Page 12

is seeking ways and means for youths who reach wrong paths and lose their future to return to the correct ways with compassion like family spirit.

The government amended youth affairs policies in conformity with current era in order to emerge qualified citizens. Arrangements have been made for youths to join the youth affairs talks, youth talk shows, youth and literary fine arts exhibition, students sports competition, summer sports courses, ASEAN and regional youths' international forums, competitions and contests in order to new and develop knowledge and attitudes of youths.

In conclusion, the Senior General called for creating opportunities to young people to participate in national development activities and work together and nurturing young people to be good sons and daughters who will love traditional cultural heritage and fulfill their national responsibilities. As young people, he urged, them to try to have constant learning to acquire skills and knowledge and to become those on whom the future of the country can rely.

Next, young sport athletes from the Ministry of Sports and Youth Affairs gave skills demonstrations, the Myawady band of the Directorate of Public Relations and Psychological Warfare, students from No.11 BEHS in Nay Pyi Taw, the Fine Arts Department under the Ministry of Religious Affairs and Culture, artists from the Myanmar Radio and Television, people of various ethnics, singer Yone Lay, personnel from various ministries and students from No.1 BEHS, artistes, Myanmar Comedians Association and students from No.14 BEHS, the Fine Arts Department under the Ministry of Religious Affairs and Culture and other entertainment troupes performed songs and dances.

Then, the Senior General and wife presented bouquets and cash rewards to the students and performers and cordially greeted them.

The Senior General, wife and those in attendance interestingly viewed and studied the commemorative booths.

The 76th Independence Day Youth and Literary Arts Festival is being held under the theme of "Let's raise knowledge and education for the benefit of the Union". It will be held from 9:30am to 4:30pm every day until December 22. Booths of various ministries, traditional ethnic food stalls and bookstores are displayed, along with entertainment programmes and interviews with celebrities. There will be no admission fee. 100



Senior General Min Aung Hlaing views charging of an electric vehicle.

# Patheingyi, Myittha township cooperative syndicates to disburse loans to farmers



A paddy field.

**Mandalay December 20**

Cooperative Syndicates in Patheingyi and Myittha townships of Mandalay Region decided to disburse more than K140 million to their member farmers to grow summer paddy, said U Hlaing Moe, Assistant Director of Mandalay Region Cooperative Department.

Nine cooperative societies in two townships will issue their funds as loans to 156 cooperative society member farmers for cultivation of 729.5 acres of summer paddy. The loans will be allocated as K200,000 per acre of summer paddy starting from March 2024, totalling amount to more than K140 million.

"The disbursement of loans aims to successfully grow summer paddy on more than 720 acres. Farmers need to efficiently spend the loans on actual cultivation of summer paddy. Its interest rate will be 25 per cent," U Hlaing Moe explained.

In the previous monsoon, the cooperative syndicates in five townships also disbursed more than K460 million to local farmers, according to the Region Cooperative Department.

185

# Locals from Labutta sell 75,000 visses of scallops to Yangon market in November

**Labutta December 20**

Up to 75,000 visses of sea scallops from Labutta Township, Ayeyawady Region were sent to the Yangon market in November, said Daw Myint Myint, the owner of a seafood trading fair.

In October, only 65,000 visses of sea scallops were sold, and from November 1 to 30, 75,000 visses of sea scallops were sold.

"During November, there was a good sale of seafood. We sold more seafood compared with the previous months. In addition to fish, prawns and crabs, we caught sea scallops naturally. Local sea scallops are mainly sent to the Yangon market through Labutta. Now transactions are running faster than usual, fishermen and traders are getting job opportunities again," she said.

Various types of fish, prawns, crabs, and sea scallops are purchased from fishermen, cleaned and packaged properly, and sent to the Yangon market. It is said that it continues to be sold to other areas through Yangon.

KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံက Dubai Airshow 2023 လေကြောင်းပြပွဲတွင် နောက်ဆုံးပေါ်တန်ပြန်ဒရုန်းစနစ်ကို ထုတ်ဖော်ပြသ



ရုရှားနိုင်ငံသည် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သော Dubai Airshow 2023 လေကြောင်းပြပွဲတွင် အသေးစားဒရုန်းများ တန်ပြန်နိုင်ရန် ပြည်တွင်းထုတ် နောက်ဆုံးပေါ်တန်ပြန်ဒရုန်းစနစ်ကို ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်း နိုင်ငံပိုင် စစ်လက်နက်ရောင်းချသော Rosoboronexport ကုမ္ပဏီက ဒီဇင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

Rosoboronexport ကုမ္ပဏီအနေဖြင့် အဆိုပါစနစ်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန်လည်း အဆင်သင့်အနေအထားရှိနေပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Rosoboronexport ကုမ္ပဏီသည် စစ်မြေပြင်တွင် အသေးစား FPV ဒရုန်းများ၊ Quadcopters များနှင့် ဒရုန်းအမျိုးအစားများကို ထောက်လှမ်းခြင်း၊ နှိမ်နင်းနိုင်ခြင်း သို့မဟုတ် ဖျက်ဆီးနိုင်သည့် နောက်ဆုံးပေါ် ရုရှား၏ အလိုအလျောက်ပေါင်းစပ်လုပ်ဆောင်နိုင်သောစနစ်ကို ထုတ်လုပ်ထားနိုင်ခဲ့ပြီး ၎င်း၏ဝိသေသလက္ခဏာများနှင့် စွမ်းဆောင်ရည်မြင့်မားမှုကို ပကတိစစ်မြေပြင်တွင် တိုက်ပွဲဝင်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီးဖြစ်သည်ဟု Rosoboronexport ကုမ္ပဏီအမှုဆောင် အရာရှိချုပ် Alexander Mikheyev ၏ ပြောကြားချက်ကို ကိုးကား၍ TASS သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

နောက်ဆုံးပေါ်တန်ပြန်ဒရုန်းစနစ်တွင် KRET Radio-Electronic Technologies Group (နိုင်ငံပိုင်နည်းပညာကော်ပိုရေးရှင်း Rostec လက်အောက်ခံ)က ထုတ်လုပ်ထားသော ခရီးဆောင်အသေးစား 1L122-1E ရေဒါစနစ် ပါဝင်ကြောင်း Rosoboronexport ကုမ္ပဏီက ဖော်ပြထားသည်။ ရေဒါစနစ်သည် Rostec ကုမ္ပဏီလက်အောက်ခံ Ruselectronics Group က ဒီဇိုင်းထုတ်လုပ်ထားသော အလိုအလျောက်ထိန်းချုပ်မှု၊ နည်းပညာဆိုင်ရာ ထောက်ပံ့ရေးစက်ကိရိယာများ၊ သယ်ဆောင်ရလွယ်ကူသော Automated Control Module ထံ ရေဒီယိုချန်နယ်မှတစ်ဆင့် လေကြောင်းအချက်အလက်များကို ပေးပို့နိုင်သည်။ Automated Control Module သည် ရေဒါနှင့် ငါးကီလိုမီတာအကွာအဝေးတွင် နေရာချထားနိုင်သည်။ ၎င်းသည် တန်ပြန်ဒရုန်းတပ်ဖွဲ့မှူး ကိုင်ဆောင်လုပ်ဆောင်နိုင်မည့် တက်ဘလက်ငယ်တစ်ခုလည်းဖြစ်သည်။ တိုက်ခိုက်ဖျက်ဆီးရန် သတ်မှတ်ထားသော ဒရုန်းများဆိုင်ရာအချက်အလက်များသည် Rostec လက်အောက်ခံ High Precision Systems ကုမ္ပဏီထုတ် Verba ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်၏ လေယာဉ်ပစ်သေနတ်သမားများထံ ပေးပို့နိုင်သကဲ့သို့ သို့မဟုတ် အလိုအလျောက်စနစ်ဖြင့် ထိန်းကျောင်းတိုက်ပွဲဝင်နိုင်မည့် Anti-Drone Gun အော်ပရေတာများထံသို့လည်း ပေးပို့နိုင်သည်။

Anti-Drone Gun အော်ပရေတာတစ်ဦးချင်းတွင် အလိုအလျောက်လုပ်ဆောင်နိုင်မှုစနစ်များအနေဖြင့် မြင်နိုင်စွမ်းမြင့်မားကောင်းမွန်သော အထူးမျက်မှန်များ၊ နားကြပ်နှင့် ဆက်သွယ်ရေးစနစ်များ တပ်ဆင်ပေးထားသည်။ အဆိုပါစနစ်များသည် ပစ်မှတ်ထံ အလိုအလျောက်ထိန်းကျောင်းနိုင်သည်။ လိုအပ်ပါက လေယာဉ်ပစ်သေနတ်သမား၊ လျှပ်စစ်သံလိုက်လှိုင်းသေနတ်အော်ပရေတာ၊ စနိုက်ပါ သို့မဟုတ် အခြားလက်နက်များ ကိုင်ဆောင်ထားသည့် သေနတ်သမားထံ အသံဖြင့် အမိန့်ပေးချက်များကို ပုံဖော်ခြင်းနှင့် ထုတ်လွှင့်ခြင်းတို့အတွက်လည်း အသုံးပြုနိုင်ကြောင်း၊ ဒရုန်း၏ ဆက်သွယ်ရေးနှင့် လမ်းကြောင်းပြစနစ်များကို ပိတ်ဆို့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းသည် တိုက်ပွဲလုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့်ဖြစ်ကြောင်း Rosoboronexport ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

**Russia to feature latest counter-drone system at Dubai Airshow- Rosoboronexport ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက B-21 Raider ပုံစံ ပြည်တွင်းထုတ်ဒရုန်းဖြင့် ထိပ်တန်းနိုင်ငံအဆင့် တက်လှမ်းနိုင်ခဲ့

အိန္ဒိယနိုင်ငံက B-21 Raider ပုံစံ ပြည်တွင်းထုတ်ဒရုန်းဖြင့် ထိပ်တန်းနိုင်ငံများအဆင့် တက်လှမ်းနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ A. Bharat BhushanBabu က Eur Asian Times သတင်းဌာန၏ နောက်ဆက်တွဲမှတ်ချက်များနှင့်အတူ တွစ်တာလူမှုကွန်ရက်တွင် ဖော်ပြခဲ့သည်။

၎င်း၏ နောက်ဆုံးထုတ် Autonomous Flying Wing Technology (AFWT) Demonstrator သရုပ်ပြဒရုန်း၏ အောင်မြင်စွာစမ်းသပ်မှုကို ပြုလုပ်နိုင်ခဲ့ပြီး သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း ဂုဏ်ပြုရေးသားထားသည်။ အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီ၏ B-21 Raider ပုံစံအရွယ်အစားသေးငယ်ထားသော ဒရုန်းသည် အိန္ဒိယနိုင်ငံအတွက် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်သည်။

အိန္ဒိယနိုင်ငံကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) သည် ပြည်တွင်း၌ တီထွင်ထုတ်လုပ်ထားသည့် မြန်နှုန်းမြင့် AFWT Demonstrator ဒရုန်း၏ ပျံသန်းစမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ၎င်းစမ်းသပ်မှုကို အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ် Chitradurga ခရိုင်ရှိ Aeronautical Test Range စမ်းသပ်ရေးကွင်း၌ ပြုလုပ်ခဲ့သည်။

"ဒီအလိုအလျောက်ပျံသန်းနိုင်တဲ့ဒရုန်းကို အောင်မြင်စွာပျံသန်းသရုပ်ပြမှုက နိုင်ငံတွင်း နည်းပညာအဆင်သင့်ဖြစ်မှုရဲ့အဆင့်အတန်း၊ အခြေအနေကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်"ဟု အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

တောင်ပံအမြီးမပါသောပုံစံဖြင့် သရုပ်ပြပျံသန်းမှုနှင့်အတူ အိန္ဒိယသည် တောင်ပံပျံနည်းပညာကို ကျွမ်းကျင်ပိုင်နိုင်သော ထိပ်တန်းနိုင်ငံများစာရင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံ AFWT Demonstrator ဒရုန်းသည် ဘန်ဂလိုအခြေစိုက် DRDO ၏ Aeronautical Development Establishment အဖွဲ့ကြီးက ဖန်တီးတီထွင်ထုတ်လုပ်ထားသော ရှေ့ပြေးပုံစံနှစ်ခုထဲမှ တစ်ခုဖြစ်သည်။ ၎င်းကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ကနဦးပျံသန်းစမ်းသပ်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက် စမ်းသပ်မှုသည် ဒရုန်း၏ အမြီးမပါသောဖွဲ့စည်းမှုပုံစံအတွက် သတ္တမအကြိမ် စမ်းသပ်မှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ တောင်ပံပျံနည်းပညာကို ကျွမ်းကျင်သောနိုင်ငံအုပ်စုတွင် အိန္ဒိယ၏အဖွဲ့ဝင်ဖြစ်လာမှုကို အလေးပေးဖော်ပြခဲ့ပြီး ဒရုန်း၏ ပထမဆုံးပျံသန်းမှုကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် သရုပ်ပြခဲ့ကြောင်း၊ ၎င်းနောက်တွင် ပြည်တွင်းထုတ် ရှေ့ပြေးပုံစံနှစ်မျိုးကိုအသုံးပြု၍ အမျိုးမျိုးသောတီထွင်မှုပုံစံများဖြင့် ပျံသန်းမှု ခြောက်ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။



ထိုပျံသန်းစမ်းသပ်မှုများသည် အချိန်နှင့်တစ်ပြေးညီ Hardware-in-Loop simulation သဏ္ဌာန်တူလေ့ကျင့်မှုနှင့် ခေတ်မီမြေပြင်ထိန်းချုပ်ရေးစခန်းတို့ဖြင့် ပေါင်းစည်းထားသော လေကြောင်းနည်းပညာနှင့် ထိန်းချုပ်မှုစနစ်များ တိုးတက်ဖွံ့ဖြိုးလာမှုတွင် သိသာထင်ရှားသော အဆင့်မြင့်တင် လုပ်ဆောင်လာနိုင်မှုများလည်းဖြစ်သည်။

စမ်းသပ်ရေးအဖွဲ့အနေဖြင့် လေကြောင်းစနစ်များ၊ ပေါင်းစပ်မှုနှင့် ပျံသန်းမှုဆိုင်ရာလုပ်ဆောင်ချက်များကို နောက်ဆုံးဖွဲ့စည်းမှုဒီဇိုင်းတွင် အောင်မြင်သော သတ္တမမြောက် ပျံသန်းစမ်းသပ်မှုဆီသို့ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်စေခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အံ့သြစရာကောင်းသည်မှာ မြန်နှုန်းမြင့် AFWT Demonstrator ဒရုန်းသည် မြေပြင်ရေဒါ၊ အခြေခံအဆောက်အအုံ သို့မဟုတ် လေယာဉ်မှူး၏လုပ်ဆောင်ချက်အပေါ် မှီခိုခြင်းမရှိဘဲ အလိုအလျောက်ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

**India joins elite group of nations with indigenous flying-wing UAV modeled on B-21 Raider ကို ဘာသာပြန်ဆိုထားပါသည်။**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၅၈၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၅၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ၃၅၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၂၁၈၄၃ ဧက လျာထား စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဒေသခံ တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ၊ ပံ့ပိုးကူညီမှုတွေပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးတာကို တော့ နိုဝင်ဘာလ ပထမပတ်လောက်ကစပြီးစိုက်ပျိုးခဲ့တာ။ ဒီနေ့ထိ ၃၅၈၆ ဧက စိုက်ပျိုးပြီးပါပြီ။ ကုလားပဲဟာ ဆောင်းရာသီမှာ စိုက်ပျိုးတဲ့သီးနှံဖြစ်လို့ တောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာလဲ သီးနှံအထွက်နှုန်းကောင်းမွန်တဲ့ ရေဆင်း ၆ နဲ့ ရေဆင်း ၁၂ ကုလားပဲမျိုးတွေကိုသာ စိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်မှ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေဖူလုံစွာရရှိသည့်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲအပါအဝင် မတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ ပဲကျား၊ စားတော်ပဲ၊ ထောပတ်ပဲ၊ ပဲနောက်၊ ပဲလွန်းစသည့်ပဲမျိုးစုံ ၃၈၀၈၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ ယနေ့ထိ ပဲမျိုးစုံဧက ၁၉၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျိုင်းတုံမြို့ အမှတ် (၄) ရပ်ကွက်၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျိုင်းတုံ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျိုင်းတုံမြို့ အမှတ် (၄) ရပ်ကွက်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးဌာနခွဲမှ ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၉၁ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်သည့် ကျိုင်းတုံမြို့ အမှတ် (၄) ရပ်ကွက် ငုဝါလမ်းကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အပိုင်း (၂) ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်းအတိုင်းအတာ ပြည့်မီခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျ ထိန်းသိမ်းကြရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကျိုင်းတုံမြို့ အမှတ်(၄) ရပ်ကွက် ငုဝါလမ်း၌ အရှည် ၇၁၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း အပိုင်း (၂) ကို ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ရပ်ကွက်နေပြည်သူများ ရာသီမရွေး သွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မင်းလှမြို့နယ် အရှေ့သင်အိုင်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်အိုင်ကျေးရွာအုပ်စု အရှေ့သင်အိုင်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဝေအေးက အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့်ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဝေအေးက အရှေ့သင်အိုင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၀-၁၂-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၅၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ပြခန်းများခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ပိုမိုပြုစုပျိုးထောင်လာကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာအနက် လွန်စွာတန်ဖိုးရှိလှသည့် လူငယ်များလူသားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှု တစ်ခုဟုပြောရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် မကြာခဏပြောကြားနေသည့် အကြောင်းအရာတစ်ခုကိုထပ်လောင်းပြောကြားလိုပါကြောင်း၊ တိုင်းပြည်တစ်ခုတိုးတက်ဖွံ့ဖြိုးခြင်း၏ အခြေခံသည် ပညာတတ် လူ့အရင်းအမြစ်များ ပေါကြွယ်ဝခြင်းပင်ဖြစ် ပါကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လိုသည်ကို မကြာခဏတွန်းအားပေးပြောကြားခဲ့ပါကြောင်း။

အားလုံးသိကြသည့်အတိုင်း လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်း တစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအား အရင်းအမြစ်တစ်ခုပင်ဖြစ်ပါကြောင်း၊ **ခေတ်စနစ်များကို မည်သို့ပင်ဖြတ်သန်းကြရသည် ဖြစ်စေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်ဖြစ်** ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နိုင်ရန်လည်း လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကူညီပေးကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် **လူငယ်စွမ်းအားစုတစ်ရပ်လုံးကို နိုင်ငံတော်၏ အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ်ပျောက်ဆုံးနေသည့် လူငယ်လူရွယ်များကိုလည်း မိဘနှင့် သားသမီးကဲ့သို့ မေတ္တာထားကာ လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိစေရေးနည်းလမ်းများရှာဖွေဖော်ဆောင်ပေးလျက်ရှိ**သည်ကို အသိပေးပြောကြားလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကို အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန်အတွက် လူငယ်ရေးရာမူဝါဒများကို ခေတ်ကာလနှင့် ကိုက်ညီအောင် ပြင်ဆင်ချမှတ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့်စာပေအနုပညာပြပွဲများ၊ ကျောင်းသားအားကစားပြိုင်ပွဲများ၊ နွေရာသီ အားကစားသင်တန်းများ၊ အာဆီယံနှင့် ဒေသတွင်း လူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးပွဲများနှင့် ပြပွဲပြိုင်ပွဲများတွင် တက်ရောက်ဆွေးနွေး ပြသယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်ပေးနေသည့်အတွက် လူငယ်များ၏ အသိပညာနှင့် အတွေးအမြင်များ ပိုမိုဆန်းသစ်တိုးတက်လာစေခဲ့ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်လာနိုင်စေရန် အခွင့်အရေးပေးပြီး လက်တွဲဆောင်ရွက်ပေးကြရန်၊ လူငယ်များကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ချစ်မြတ်နိုးစေပြီး နိုင်ငံ့တာဝန်ကျေပွန်စေမည့် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်၊ လူငယ်များအနေဖြင့်လည်း အစဉ်လေ့လာသင်ယူမှုများနှင့် အတတ်ပညာ၊ အသိပညာပြည့်စုံပြီး နိုင်ငံ၏အနာဂတ်အတွက် အားကိုး အားထားပြုနိုင်မည့်သူများဖြစ်အောင် ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားမောင်မယ်များက အားကစားနည်းအလိုက် စွမ်းရည်ပြသခြင်း၊ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က "ရွှေ့သို့ လှမ်းချီ မြန်မာပြည်" တေးသီချင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံ ပညာရည် ဒို့လှမ်းချီ" တေးသီချင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက "နတ်မြင်းပျံ" ယိမ်းအက၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများက"ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" တေးသီချင်း၊အဆိုတော်ယုန်လေးက "အနာဂတ်သူရဲကောင်း"တေးသီချင်း၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ရတနာများစွာ"တေးအော်ပရာ၊ အနုပညာရှင်များက "တာဝန်ကိုယ်စီထိန်းကြမည်" တေးသီချင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးနှင့် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက"သျှောင်ပေထူး"တေးသရုပ်ဖော်အက၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက"ရွှေ့သို့ချီမည်ယဉ်ကျေးမှုပန်းတိုင်ဆီ" တေးသီချင်းနှင့် ဖျော်ဖြေရေးအဖွဲ့များက "ပြည့်ရတနာ" တေးသီချင်းတို့ဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊အခမ်းအနား တက်ရောက်လာကြသူများသည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို "ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့"ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်ထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲ ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်တွင် ဝန်ကြီးဌာနများက ပြခန်းများခင်းကျင်းပြသထားကာ ဖျော်ဖြေရေးအစီအစဉ်များ၊ အနုပညာရှင်များနှင့် ဆွေးနွေးပွဲများ၊ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသထားပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

# Mandalay International Trade Fair& Investment Forum 2023 ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၀**

ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၊ကုမ္ပဏီများ အချင်းချင်းချိတ်ဆက်ပေးနိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးအလားအလာများ သိသာပေါ်လွင်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့် Mandalay International Trade Fair & Investment Forum 2023 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Mandalay Convention Center ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊UMFCCI ဥက္ကဋ္ဌဦးအေးဝင်း၊ MRCCI ဥက္ကဋ္ဌ ဦးဝင်းဌေး၊ ယူနန်၊ တက်ဟုန်း၊ ဟူနန်ကုန်သည်ကြီးများအသင်းတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့်အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးထွန်းအုံနှင့် တာဝန်ရှိသူများက Mandalay International Trade Fair & Investment Forum 2023 ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် Forum ကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မန္တလေးတိုင်းဒေသကြီးသည် အဓိကကျသည့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားနိုင်ပြီး စက်မှုလုပ်ငန်းများထွန်းကားသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကြောင်းတရားများနှင့် ပြည့်စုံနေသည့် တိုင်းဒေသကြီးဖြစ်သည်နှင့် အညီစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်က အားပေးလျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ထုတ်လုပ်မှုကွင်းဆက်များတွင် ပါဝင်နိုင်ခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်နိုင်ရန် အလားအလာကောင်းများရှိကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူပြုနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုကောင်းများ ဖော်ဆောင်နိုင်ရန်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခုကဲ့သို့နိုင်ငံတကာကုန်စည်ပြပွဲများကို အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းကျင်းပခြင်းကြောင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံနိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ပို့ကုန်ကဏ္ဍတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲများမှတစ်ဆင့်နိုင်ငံတကာတွင် ကျင်းပသည့် ကုန်စည်ပြပွဲများသို့ ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များ ပါဝင်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကMSMEလုပ်ငန်းများရေရှည်ရပ်တည်ရှင်သန်သွားနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ UMFCCI ဥက္ကဋ္ဌက နိုင်ငံအတွင်းရှိ MSME လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းလာစေရေးအတွက် UMFCCI အသင်းချုပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ MRCCI ဥက္ကဋ္ဌက ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် MRCCI အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်၊ ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် နို့၊ ပဲနို့ရည် အမျိုးမျိုးနှင့် ရေသန့်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းဆောင်ရွက်နေသည့် ဥရောပ၊ အာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက်နှင့် ၁၀၀ ရာခိုင်နှုန်း ကိုရီးယားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် တိရစ္ဆာန်အစားအစာနှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း ဆောင်ရွက်နေသည့် Sunjin Myanmar Co., Ltd များသို့ သွားရောက်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရင်းနှီးမြှုပ်နှံမှု တိုးချဲ့နိုင်ရေး၊ ထုတ်ကုန်တိုးမြှင့်နိုင်ရေး၊ အရည်အသွေးမီထုတ်ကုန်များဖြစ်၍ ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ပြည်တွင်းထုတ်ကုန်ကြမ်းများ ပိုမိုဦးစားပေးအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီအစဉ် (CSR) မြှင့်တင်ဆောင်ရွက်ရေး၊ လုပ်ငန်းစွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး စက်ရုံလည်ပတ်နေမှုနှင့် ကုန်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြား ကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်း ပါဝင်လှူဒါန်းပူဇော် တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ (၃၄၈၅ ဒသမ ၇၈) စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား တစ်ချပ်(အရွယ် တစ်ပေ × တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား)၏ ကုန်ကျစရိတ်မှာ ၂၅၀၀၀၀၀(ကျပ် နှစ်ဆယ့်ငါးသိန်း တိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်း နိုင်ပါရန်နှင့် လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် အပ်ပါသည်-

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး အဖွဲ့ဝင် နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

(၂) ဦးမောင်မောင် ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ၀၉-၄၀၄၄၃၄၄၉၉

(၃) ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော်၊
၀၉-၅၁၃၅၆၉၈

(၄) ဦးတင်မောင်ကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော်၊
၀၉-၅၀၇၈၁၇၃

(၅) ဦးခင်မောင်ထွန်း ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော်၊
၀၉-၄၄၈၁၂၇၉၀၇

☆ ကျောဖုံးမှအဆက်

ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဧရိယာမှာWCS၊ ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်းရှင်များ အသင်းနဲ့ ဧရာဝတီလင်းပိုင်ရဲ့ သဘာဝကိုသိရှိတဲ့ ရေလုပ်ငန်းရှင်တစ်ဦးတို့ ပူးပေါင်းပြီး နိုင်ငံခြားခရီးသွားတွေ ဧရာဝတီလင်းပိုင်ကို ကြည့်ရှုလေ့လာနိုင်ဖို့ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်းမှာ အကောင်အထည်ဖော်ဖို့များပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုဟာ လူထုအသီးသီးဝင်ငွေရရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်ထွန်းပြီးတော့ ဒေသဖွံ့ဖြိုးမှုနဲ့အတူ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ရင်းနှီးမှု၊ နားလည်ယုံကြည်မှုကိုလည်းတည်ဆောက်နိုင်တဲ့အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေရရှိစေမှာဖြစ်ပါတယ်။ ပြန်လည်ဖော်ဆောင်မယ့် ဧရာဝတီလင်းပိုင် ကြည့်ရှုရေးခရီးစဉ်ဟာလည်း အောင်မြင်မယ်လို့ ယုံကြည်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်ကပြောသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ဝန်းကျင်က လင်းပိုင်များ နေထိုင်ကျက်စားခဲ့ပြီး ဧရာဝတီမြစ်အတွင်း ကျက်စားသည့် လင်းပိုင်များကို ဧရာဝတီမြစ်အားအစွဲပြု၍ Ayeyarwady Dolphin ဟု အမည်ခေါ်တွင်ခဲ့ရာ အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်မြစ်တစ်လျှောက်နှင့် အိန္ဒိယနိုင်ငံတို့ရှိ လင်းပိုင်များကိုလည်း ဧရာဝတီလင်းပိုင်ဟု အသိအမှတ်ပြုခေါ်တွင်ခဲ့သည်။ ကမ္ဘာ့မြစ်ကြီးအနည်းငယ်တွင်သာ လင်းပိုင်များကိုတွေ့ရှိနိုင်ပြီး လင်းပိုင်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံများအနေဖြင့် ပြခန်းများတွင် လင်းပိုင်များဖျော်ဖြေမှုကိုလည်းကောင်း၊ သဘာဝရေပြင်၌ ကျက်စားမှုကိုလည်းကောင်း ဖော်ထုတ်ပြသခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံများတွင် မီးခိုးတိတ်ဝင်ငွေဖြစ်သည့် ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်ကြလေ့ရှိပြီး သဘာဝအလှ၊ ရိုးရာယဉ်ကျေးမှု၊ရှေးဟောင်းအမွေအနှစ်များ၊ အဏ္ဏဝါနှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၏ ဆွဲဆောင်မှုဖြင့် နိုင်ငံခြားဝင်ငွေရရှိလျက်ရှိရာ သဘာဝအလှနှင့် အဏ္ဏဝါဇီဝမျိုးစုံကြွယ်ဝသည့် မြန်မာနိုင်ငံတွင်နိုင်ငံတကာခရီးသွားများနှစ်မြို့က်သည့် ခရီးစဉ်ဒေသများစွာ ဖော်ဆောင်ထားရှိလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီလင်းပိုင်သည် နှုတ်သီးတိုပြုံးရွှင်သောမျက်နှာရှိပြီး အသက်ခုနစ်နှစ်နှင့် ကိုးနှစ်အရွယ်၌ မျိုးပွားနိုင်လေ့ရှိကာ ၁၄ လအကြာ ကိုယ်ဝန်ဆောင်လျက် လူသားတို့ကဲ့သို့ နို့တိုက်သတ္တဝါဖြစ်ကာ တစ်ကြိမ်သားဖွားလေ့ရှိပြီး အသက် ၃၀ မှ ၅၀ ထိ နေထိုင်ရှင်သန်လေ့ရှိကြောင်း သိရသည်။



နိုင်ငံဂုဏ်ဆောင်ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းမှုမရှိစေရန် ငါးလုပ်ငန်းဦးစီးဌာနက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြစ်အတွင်းဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ မျှောပိုက်ချခြင်းတို့မှ လင်းပိုင်များ ထိခိုက်နာကျင်သေဆုံးမှုမရှိစေရန် ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဧရာဝတီလင်းပိုင်များကို နိုင်ငံခြားသားခရီးသွားများ လာရောက်ကြည့်ရှုသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမှနိုင်ငံခြားဝင်ငွေရရှိမှုအပေါ် ဒေသခံပြည်သူများ လိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် စိန်မေရီကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ မသန်စွမ်းသူများ၊ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အတက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ မသန်စွမ်းသူ ၄၈ ဦး၊ ဆရာ၊ဆရာမ ၁၂ ဦးနှင့် ကျောင်းသား၊ကျောင်းသူ ၄၃ ဦး တို့ကိုလိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ECG စက်ဖြင့်နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျန်းမာရေးအခြေအနေများမေးမြန်းကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် လေးပါး၊ဒေသခံပြည်သူ၁၆၇ ဦးနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၉)အေးမြချမ်းသာ သီလရှင်ပရိယတ္တိစာသင်တိုက်မှ သာသနာ့နွယ်ဝင်သီလရှင် ၁၈၃ ပါးနှင့် ဒေသခံပြည်သူ ၁၁၀ ဦးတို့ကို သက်ဆိုင်ရာနေရာများတွင် သွားနှင့်ခံတွင်းရောဂါ၊မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ကလေးရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးအောင်မျိုးဦးအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့(SSB)နှင့် မလေးရှားနိုင်ငံလူမှုဖူလုံရေးအဖွဲ့(PERKESO)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့်အမြဲတမ်းမသန်စွမ်းဖြစ်နေသည့် မြန်မာအလုပ်သမားကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့ (SSB) နှင့် မလေးရှားနိုင်ငံလူမှုဖူလုံရေးအဖွဲ့ (PERKESO) တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းဖြစ်နေသည့် မြန်မာအလုပ်သမားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။



မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) ၌ အကျုံးဝင်မှတ်ပုံတင်ထားသည့်မြန်မာအလုပ်သမား မောင်အောင်ကိုသင်း (ME 489831) သည် ၂၀၁၅ ခုနှစ်တွင် မလေးရှားနိုင်ငံ ပီနန်းပြည်နယ်ရှိ Hong Poh Engineering Construction Sdnbhdဆောက်လုပ်ရေးကုမ္ပဏီ၌ အလုပ်လုပ်ကိုင်နေစဉ် အမြင့်မှပြုတ်ကျ၍ ဦးခေါင်းထိခိုက်ဒဏ်ရာရရှိပြီး အမြဲတမ်း(လုံးဝ)မသန်စွမ်းမှုဖြစ်ပွားခဲ့ရာ ပီနန်းပြည်နယ်ရှိ I-Care Nursing Home ၌ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) က ဆေးကုသမှုပေးခဲ့သည်။

မောင်အောင်ကိုသင်းကို မြန်မာနိုင်ငံသို့ စနစ်တကျ ပြန်လည်ပို့ဆောင်ရန်အတွက် နှစ်နိုင်ငံလူမှုဖူလုံရေးအဖွဲ့များအကြားOnline ဖြင့် Technical Meeting များကျင်းပပြုလုပ်ခဲ့ပြီး မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အကူအညီဖြင့် မလေးရှားလေကြောင်းခရီးစဉ် အမှတ် (MH-740) ဖြင့် မလေးရှားနိုင်ငံကွာလာလမ်ပူလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဆိုက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး(ရန်ကုန်)၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် မောင်အောင်ကိုသင်း၏ မိသားစုဝင်တို့က လွှဲပြောင်းလက်ခံ၍ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး(ရန်ကုန်)၌ လိုအပ်သည့်ဆေးကုသမှုများ ဆက်လက်ခံယူလျက်ရှိကြောင်း၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ငွေကျပ် ၂၂၀၀၀၀၀ (ကျပ်နှစ်ဆယ့်နှစ်သိန်းတိတိ)ကို မိခင်ဖြစ်သူထံထောက်ပံ့ပေးအပ်ခဲ့ပြီး မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO)မှ ပေးအပ်မည့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်များ ရရှိနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့(SSB)နှင့် မလေးရှားနိုင်ငံလူမှုဖူလုံရေးအဖွဲ့(PERKESO) တို့အကြား လူမှုဖူလုံရေးအစီအစဉ်နှင့်လုပ်ငန်းစဉ်များမြှင့်တင်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ(MOC)ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်က လက်မှတ်ရေးထိုး၍ မလေးရှားနိုင်ငံလူမှုဖူလုံရေးအဖွဲ့ (PERKESO)၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် မြန်မာအလုပ်သမား ၂၁ ဦးမှမှီခိုသူအကျိုးခံစားခွင့်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆၉၀၀၁ ဒသမ ၄၇ ( USD$ 169001.47 )နှင့် လုပ်ငန်းခွင်ထိခိုက်မှုကြောင့်အမြဲတမ်း(လုံးဝ)မသန်စွမ်းမှုဖြစ်ပွားသည့် မြန်မာအလုပ်သမား နှစ်ဦးအနက် တစ်ဦးမှ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ငွေ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၈၀၂ဒသမ၄၆(USD$ 2802.46) တို့ကို မလေးရှားနိုင်ငံလူမှုဖူလုံရေးအဖွဲ့ (PERKESO)မှ မိသားစုဝင်များ၏ ဘဏ်စာရင်းမှတစ်ဆင့် လက်ခံရရှိခဲ့ကြောင်း၊ မလေးရှားနိုင်ငံ၌ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မလေးရှားနိုင်ငံလူမှုဖူလုံရေးအဖွဲ့ (PERKESO)၌ အကျုံးဝင်မှတ်ပုံတင်ထားရှိရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းခွင်ထိခိုက်မှုအတွက် မှီခိုသူ အကျိုးခံစားခွင့်နှင့် အမြဲတမ်း(လုံးဝ)မသန်စွမ်းမှုများအတွက် အကျိုးခံစားခွင့်များ မှန်ကန်မြန်ဆန်စွာ ရရှိစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်တံခါးမြို့နယ် သူငွေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb များပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူအမျိုးသမီး နှစ်ဦးသေဆုံးကာ ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



ကျောက်တံခါးမြို့နယ် သူငွေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ကလေးငယ်၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများ သွားလာရာလမ်းတံတားများ၊ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူငွေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာမှနေ၍ အမြင့် မီတာ ၅၀၀ ခန့်မှ Drone အသုံးပြုပြီး Drop Bombများ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း Drop Bomb တစ်လုံးကျရောက် ပေါက်ကွဲခဲ့ရာ အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူအမျိုးသမီးနှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်ကို ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Kaung KaungKaung"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥသျှစ်ကုန်းကျေးရွာနေ ကောင်းမြတ်သူအား ညနေ ၅နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ "MyaThidar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၁) ရပ်ကွက်နေ မြသီတာအား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# သရက်ချောင်းမြို့ ညောင်ဇင်ကျေးရွာရှိ နေအိမ်များကို ဝင်ရောက်မွှေနှောက်၍ တန်းဖိုးရှိပစ္စည်းများ အတင်းအဓမ္မရယူခဲ့သော စစ်ကြောင်းကို မိုင်းဆွဲတိုက်ခိုက်ခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတု၊သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာအတွင်းရှိ နေအိမ်များကို ဒီဇင်ဘာ ၁၇ ရက်က ဝင်ရောက်မွှေနှောက်၍ တန်းဖိုးရှိပစ္စည်းများ အတင်းအဓမ္မရယူခဲ့သော စစ်ကြောင်းကို မိုင်းဆွဲတိုက်ခိုက်ခဲ့သည်ဟု ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Than Lwin Timesက မဟုတ်မမှန် ကောလာဟလသတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၁၇ ရက်တွင် တပ်မတော်က သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာသို့ သွားရောက်ခဲ့ခြင်း မရှိကြောင်းနှင့် မိုင်းဆွဲတိုက်ခိုက်ခံရသည် ဆိုသည်မှာလည်း သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# မွန်ပြည်နယ် သထုံမြို့နယ် ကျုံမိုန်ကျေးရွာသို့ တပ်မတော်မှလက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးထိမှန်သေဆုံးခဲ့ကြောင်း သတင်းတု၊သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ နယ်မြေခံတပ်မှ ဒီဇင်ဘာ ၁၉ ရက် ညပိုင်းက လက်နက်ကြီးများဖြင့် ပြည်သူများနေထိုင်သောကျေးရွာများသို့ ပစ်ခတ်ခဲ့မှုကြောင့် ကျုံမိုန်ကျေးရွာသို့ ကျရောက်ပြီး အသက် ၂၆ နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးထိမှန်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာKhitThitက မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူ တစ်ဦးနှင့် ဒေသခံများ၏ ပြောကြားချက်များအရ ဒီဇင်ဘာ ၁၉ ရက်တွင် တပ်မတော်မှ မည်သည့်ပစ်ခတ်မှုမှမရှိခဲ့ဘဲ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးပစ်ခတ်မှုများရှိခဲ့ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ပြည်သူများ နေထိုင်သော ကျေးရွာများသို့မည်သည့် အခါမျှလက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ KhitThitက တပ်မတော်သားများနှင့် ဒေသခံတိုင်းရင်းသားများအကြား အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




| | | |
|---|---|---|
| သဇင်(FM) အသံလွှင့်အစီအစဉ် | | ၂၁-၁၂-၂၀၂၃ (ကြာသပတေးနေ့) |
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

# ရခိုင်သဘာဝအလှ ကမ်းခြေများ

အောင်ကြည်မိုး(စစ်တွေ)



တောင်ကုတ်မြို့ရှိ ကလိန်တောင်ကမ်းခြေကို တွေ့ရစဉ်။

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ကျောက်ပန်းဒူ ကမ်းခြေ၊ ပေါက်တောမြို့ရှိ ငှက်ခေါင်းတောင် ကမ်းခြေနှင့် တောင်ကုတ်မြို့ရှိ ကလိန်တောင်ကမ်းခြေ အစရှိသည်တို့သည် သဘာဝက လက်ဆောင်အဖြစ် ပေးထားသောအရာများဖြစ်နေသည်။ ရခိုင်ဒေသရှိ ထိုကမ်းခြေနေရာများသည် ရခိုင်ပြည်သူများအနေဖြင့် နေ့ချင်းပြန် မိသားစုပျော်ပွဲစားခရီးသွားလာသော နေရာများဖြစ်သည်။

**ကျောက်ပန်းဒူကမ်းခြေ**

ရခိုင်ပြည်နယ်သည် လှပသောပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့်အလျောက် မေယုဒေသ မောင်တောမြို့နယ်ရှိ ကျောက်ပန်းဒူကမ်းခြေသည် အလွန်လှပသည်။ ထိုကမ်းခြေသည် ဘူးသီးတောင်- မောင်တော ကားလမ်းပေါက်လာခြင်းကြောင့် လည်ပတ်စရာကမ်းခြေတစ်ခုအဖြစ် လူသိများလာခြင်းဖြစ်သည်။ ထိုကမ်းခြေရှိ ကျောက်ဆောင်ပုံသဏ္ဌာန်မှာ ရခိုင်လူမျိုးများ ဆေးရွက်ထည့်သောက်သည့် ဆေးတံ (ရခိုင်တို့၏အခေါ်အဝေါ် ပန်းဒူ) ပုံသဏ္ဌာန်ရှိနေ၍ ကျောက်ပန်းဒူဟု ခေါ်ဆိုကြရာမှ ထိုကျောက်ဆောင်ရှိနေသောကမ်းခြေကို ကျောက်ပန်းဒူကမ်းခြေဟု လူသိများလာခြင်းဖြစ်သည်။ ကျောက်ဆောင်များပေါ်သို့ တက်ရောက်၍ အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ခြင်းက ရှုခင်းများစွာကို ကြည့်ရှုခံစားနိုင်ပြီး ပင်လယ်ကမ်းခြေ၏ အလှတရားနှင့် သဘာဝကျောက်ဆောင်တို့ကို လူကြိုက်များကြခြင်းဖြစ်သည်။

ယခင်က သွားလာရခက်ခဲခြင်းကြောင့် ကျောက်ပန်းဒူကမ်းခြေကို လူသူအရောက်အပေါက် နည်းပါးခဲ့သော်လည်း ဘူးသီးတောင်-မောင်တော ကွန်ကရစ်ကားလမ်းရှိလာ၍ စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် ဘူးသီးတောင်၊ မောင်တောမြို့တို့မှ ပြည်သူများ နေ့ချင်းပြန်သွားရောက်နိုင်ပြီး ကားလမ်းအထူးကောင်းမွန်နေခြင်းကြောင့် အပန်းဖြေစရာနေရာကမ်းခြေတစ်ခုအဖြစ် အားလပ်ရက်များ၌ လူစည်ကားလျက်ရှိနေခဲ့သည်။

ကျောက်ပန်းဒူကမ်းခြေသို့ စစ်တွေမြို့မှ ၂၈ မိုင်ကွာဝေးပြီး စစ်တွေ-ရေချမ်းပြင်ကားလမ်း အငူမော်ဆိပ်ကမ်းမှတစ်ဆင့် သင်္ဘော၊ စက်တပ်လှေများဖြင့် သွားရောက်နိုင်သည်။ ပုဏ္ဏားကျွန်းမြို့မှ ၃၅ မိုင်ကွာဝေးပြီး ပုဏ္ဏားကျွန်း-စစ်တွေ အဝေးပြေးကားလမ်းမှတစ်ဆင့်လည်း သွားရောက်နိုင်သည်။ ဘူးသီးတောင်မြို့မှအနောက်တောင်ဘက် ၃၆ မိုင်အကွာ၊ မောင်တောမြို့၏ အရှေ့တောင်ဘက် ၃၂ မိုင်အကွာတွင်တည်ရှိနေခြင်းကြောင့် နေ့ချင်းပြန်သွားလာရလွယ်ကူသည်။ ကမ်းခြေရှိ သဘာဝကျောက်ဆောင်များစွာတို့က ထိုကမ်းခြေ၏ အလှတရားများဖြစ်သည်။ ပင်လယ်ကမ်းခြေ၌ ရေဆော့ကစားရန်လည်း အန္တရာယ်ကင်းရှင်းမှုရှိသည်။ ရက်ရှည်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များနှင့် တနင်္ဂနွေနေ့(Super Sunday)များ၌ မိသားစုများ၊ အသင်းအဖွဲ့(Club)များက ကျောက်ပန်းဒူကမ်းခြေသို့ ပျော်ပွဲစားသွားရောက်ကြသည်။

**ငှက်ခေါင်းတောင်ကမ်းခြေ**

ပေါက်တောမြို့ မြေငူကျွန်းရှိ ငှက်ခေါင်းတောင် ကမ်းခြေသို့လည်း အားလပ်ရက်များ၌ လူသွားများသည်။ ပင်လယ်ကမ်းခြေရှိ တောင်ကုန်းသည် ငှက်ကြီးတစ်ကောင်၏ ဦးခေါင်းသဏ္ဌာန်နှင့်တူ၍ ငှက်ခေါင်းတောင်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ယခင်က ငှက်ခေါင်းတောင်ကမ်းခြေသို့ မသွားရောက်ကြမီ စစ်တွေမြို့နှင့် ပေါက်တောမြို့ကြားရှိ လေးချင်းတောင် မီးပြတိုက်သို့ ပျော်ပွဲစားခရီးသွားကြသည်။ လေးချင်းတောင် မီးပြတိုက်သို့ မိသားစုလိုက်ပျော်ပွဲစားထွက်ကြခြင်းမှာ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့ ၁၈၄၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ဆောက်ခဲ့သော မီးပြတိုက်(Light House)ကို သွားကြည့်ကြခြင်းဖြစ်သည်။ လေးချင်းတောင်မီးပြတိုက် တည်ရှိရာကျွန်း၏ဧရိယာက သေးငယ်သည်။ ငှက်ခေါင်းတောင်ရှိနေသည့် ကမ်းခြေသည် ရှုနှင့်နီး၍လည်းကောင်း၊ ရခိုင်ရိုးရာဓလေ့ ထမင်းပေါင်းချက်စားကြရန် နေရာအကျယ်အဝန်းရှိနေ၍လည်းကောင်း ယနေ့အချိန်၌ လူအများစုသည် လေးချင်းတောင်ကျွန်းသို့ သွားရောက်ခြင်းထက် ငှက်ခေါင်းတောင်ကမ်းခြေကို သွားရောက်ခြင်းက ပိုများသည်။

ပေါက်တောမြို့ မြေငူကျွန်းရှိ ငှက်ခေါင်းတောင် ကမ်းခြေသို့ သွားရောက်ရန် စစ်တွေမြို့မှသွားရောက်နိုင်သလို ပေါက်တောမြို့မှလည်း သွားရောက်နိုင်သည်။ စာရေးသူတို့ စစ်တွေမြို့မှ ငှက်ခေါင်းတောင်ကမ်းခြေသို့ သွားရောက်ကြရာတွင် စက်တပ်လှေကြီးဖြင့် တိုက်ရိုက်သွားရောက်ကြသည်။ စစ်တွေမြို့မှ ငှက်ခေါင်းတောင်ကမ်းခြေသို့ တိုက်ရိုက်သွားမည်ဆိုပါက ဘင်္ဂလားပင်လယ်၏အဝ၌ လှိုင်းအမြဲရှိတတ်၍ စက်တပ်လှေငယ်ဖြင့် မသွားရောက်သင့်ဘဲ စက်တပ်လှေကြီးများဖြင့်သာ သွားရောက်ကြရန် သတိပြုစေလိုသည်။ စက်တပ်လှေကြီးများဖြင့် တိုက်ရိုက်မသွားဘဲ ဆံတော်ရှင်စေတီသို့ ဖောက်ထားသည့် မြေသားကားလမ်းမှသွားရောက်လိုပါလျှင် စစ်တွေမြို့မဈေးဆိပ်ကမ်းမှ ပေါက်တောမြို့နယ် သဲခုံကျေးရွာသို့ရောက်ရှိရန် ကစ္ဆပနဒီမြစ်ကိုဖြတ်ကာ စက်တပ်လှေငယ်ဖြင့် ၄၅ မိနစ်ခန့်ကူးရသည်။

သဲခုံကျေးရွာမှတစ်ဆင့် ငှက်ခေါင်းတောင် ကမ်းခြေသို့ ဆံတော်ရှင်စေတီ မြေသားကားလမ်းအတိုင်း သွားရောက်ပါလျှင် သုံးဘီးဆိုင်ကယ်ဖြင့် နာရီဝက်ခန့် ကြာမြင့်သည်။ မြေသားကားလမ်း တစ်လျှောက်၌ ငြင်းချောင်း၊ ကြံခင်း၊ ဝါးလန်းကုန်းနှင့် သစ်ပုတ်ချိုင် စသည့် ကျေးရွာစဉ်များကို ဖြတ်သန်းသွားရသည်။ စစ်တွေမြို့မှ ပေါက်တောမြို့သို့ ဆက်သွယ်ထားသည့် မြစ်ကူးတံတားတစ်စင်းရှိနေပြီး ကွန်ကရစ်ကားလမ်းဖြင့် ငှက်ခေါင်းတောင်ကမ်းခြေသို့ သွားရောက်နိုင်ပါလျှင် နိုင်ငံခြားခရီးသွားဧည့်သည်များက အထူးကြိုက်နှစ်သက်မည့် ကမ်းခြေတစ်ခု ဖြစ်လာမည်။

**ကလိန်တောင်ကမ်းခြေ**

ရခိုင်ပြည်နယ်တောင်ပိုင်း တောင်ကုတ်မြို့၌ရှိနေသော ကလိန်တောင်ကျွန်းကမ်းခြေကို တောင်ကုတ်မြို့၊ သံတွဲမြို့နှင့်အမ်းမြို့မှ ပြည်သူများက အားလပ်ရက်များ၌ ပျော်ပွဲစားခရီးသွားကြသည်။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ ထူးဆန်းအံ့သြဖွယ်ကောင်းသော ကလိန်တောင်ကမ်းခြေသည် တောင်ကုတ်မြို့မှ ၂၅ မိုင်အကွာတွင်တည်ရှိပြီး စက်တပ်လှေငယ်ဖြင့် ရေကြောင်းခရီး နှစ်နာရီကျော် သွားလာရသည်။ တောင်အမြင့် ၅၉၆ ပေရှိသည့် တောင်လွတ် တစ်တောင်ဖြစ်သည်။ ဤတောင်ရှိမြေမှာ မင်္ဂလာမြေ ခုနစ်မျိုးဝင်တစ်ခုဖြစ်သည်။

ကလိန်တောင်ရှိနေသောကျွန်းသည် တောင်မြောက် သုံးမိုင်ခန့်မျှရှည်လျားပြီး ကျွန်း၏အကျယ်အဝန်းက နှစ်မိုင်ရှိသည်။ ဤတောင်ပေါ်၌ ရှေးအခါက တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ကလိင်္ဂရှင်ရသေ့ သီတင်းသုံးခဲ့၍ ကလိန်တောင်ဟု အမည်တွင်ခြင်းဖြစ်သည်။ ရခိုင်ရာဇဝင်ထဲတွင် ကလိန်တောင်၏ အထင်ကရ သမိုင်းကျောက်ဖြစ်ရုပ်ကြွင်းများရှိနေသည်။ ကလိန်တောင်ရောက်ရှိလျှင် သဘာဝအလှတရားများကိုလည်း မြင်တွေ့နိုင်သည်။ အဆိုပါကျွန်းမှာ ပင်လယ်ထွက် သား၊ ငါး၊ ပုစွန် ပေါများသည့် ရခိုင်ပြည်နယ်၏ ထင်ရှားသောနေရာဒေသတစ်ခုလည်းဖြစ်သည်။

ကလိန်တောင်မှာ သဘာဝထုံးကျောက်ဂူဖြစ်သည်။ သဘာဝရှုထောင့်မှကြည့်လျှင် ထိုဂူတောင်သည် ရာသီဥတုဒဏ်ကြောင့် ရွှံ့ကျောက်နှင့် သဲကျောက်များကို မိုးရေတိုက်စားရာမှ လိုဏ်ဂူကြီး သဖွယ်ပေါ်ပေါက်လာခြင်းဟုဆိုရပေမည်။ တောင်၏ နံရံပေါင် မြေလွှာများပြတ်ကျပြီး တောင်၏ လေးပုံတစ်ပုံခန့် တောင်အောက်သို့ နိမ့်ဝင်ပြီး ပြိုဆင်းသွားရာမှ ထုံးကျောက်ဂူ၊ ကလိုင်များဖြစ်လာခြင်းဟု ပြောစမှတ်ပြုကြသည်။

ရခိုင်ပြည်နယ်ရှိ တောင်ပိုင်းမြို့နယ်များ၌ လွင်ပြင်နည်းပါးပြီး ဘင်္ဂလားပင်လယ်အော်ဆီသို့ ထုတ်ချင်းပေါက်နိုင်သော ချောင်းကျဉ်း၊ မြစ်ကျဉ်း ထွက်ပေါက်ပေါများသည်။ ထိုအထဲတွင် ကလိန်တောင်မြစ်သည် နာမည်ထင်ရှား၏။ ရခိုင်ပြည်နယ် တောင်ပိုင်းရှိ မြို့နယ်များနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်များကို အပြန်အလှန်ကူးသန်းဆက်သွယ်နိုင်ရန်အတွက် အဓိကပေါင်းကူးဆက်သွယ်ပေးထားသည့် မြစ်တစ်စင်းဖြစ်သောကြောင့် ရခိုင်ပြည်နယ်ထဲ၌ အသုံးဝင်သောမြစ်တစ်စင်းအဖြစ် လူသိများသည်။

ရခိုင်ပြည်နယ်ထဲတွင် နာမည်ကြီးစေတီတစ်ဆူဟုဆိုနိုင်သော ကလိန်တောင်စေတီသည်လည်း တောင်ကုတ်မြို့ရှိ ကလိန်တောင် မြစ်ကမ်းခြေလွင်ပြင်ထဲတွင်ရှိနေသည်။ ကလိန်တောင်စေတီကို ကလိန်တောင် မြစ်ပြင်ထဲရှိ ဆီကြိတ်ဆုံပုံသဏ္ဌာန်ဖြစ်နေသော သဘာဝကျောက်ဆောင်တစ်ခုပေါ် တွင်တည်ထားသည်။ ကလိန်တောင်အတွင်းထဲ၌ သဘာဝကျောက်ဂူကြီးတစ်ခုရှိသည်။ ဘုန်းကြီးကျောင်း တစ်ကျောင်းကို ပြောင်းပြန်မှောက်ထားသည့် ပုံသဏ္ဌာန်ရှိနေသည့် ကျောက်ပြာသာဒ်ဂူပုံစံဖြစ်နေသည်။ ထိုဂူကြီးထဲ၌ ဂူပေါက်များစွာရှိနေပြီး ဂူအတွင်း၌ ကျောက်ကြားများမှ စီးဆင်းနေသော ရေအိုင်တစ်ခုရှိနေသည်။ လိုဏ်ဂူကြီးများ၏အဝမှာ ၁၈ ပေခန့်ရှိ၍ လိုဏ်ဂူကြီး မည်မျှနက်သည်ကို မခန့်မှန်းနိုင်ပေ။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ရှိ ထင်ရှားသော ကလိန်တောင်၌ သဘာဝကျောက်ဆောင်၊ ကျောက်ကလပ်များမှာ အထူးလှပတင့်တယ်စွာတည်ရှိပြီး မြစ်ပြင်ကျောက်တုံးများပေါ်တွင် တည်ထားကိုးကွယ်သော စေတီတော်များ၊ သဘာဝကျောက်ရေတွင်းများ၊ ကျောက်ဆောင်တောင်တန်းများနှင့် ပင်လယ်ပြင်၏ အလှတို့မှာ ကလိန်တောင်၏ အဖိုးမဖြတ်နိုင်သော သဘာဝအလှတရားများပင်ဖြစ်သည်။ ထို့ကြောင့် ခရီးသွားများအနေဖြင့် ရခိုင်ဒေသသို့ လာရောက်ပါက အဆိုပါကမ်းခြေများသို့ လာရောက်လေ့လာလည်ပတ်နိုင်ရန် ဖော်ပြလိုက်ရပါသည်။

❖ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ ထူးဆန်းအံ့သြဖွယ်ကောင်းသော ကလိန်တောင်ကမ်းခြေသည် တောင်ကုတ်မြို့မှ ၂၅ မိုင်အကွာတွင်တည်ရှိပြီး စက်တပ်လှေငယ်ဖြင့် ရေကြောင်းခရီး နှစ်နာရီကျော် သွားလာရသည်။ တောင်အမြင့် ၅၉၆ ပေရှိသည့် တောင်လွတ် တစ်တောင်ဖြစ်သည်။ ဤတောင်ရှိမြေမှာ မင်္ဂလာမြေ ခုနစ်မျိုးဝင်တစ်ခုဖြစ်သည်။ ကလိန်တောင်ရှိနေသောကျွန်းသည် တောင်မြောက် သုံးမိုင်ခန့်မျှရှည်လျားပြီး ကျွန်း၏အကျယ်အဝန်းက နှစ်မိုင်ရှိသည်။ ဤတောင်ပေါ်၌ ရှေးအခါက တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ကလိင်္ဂရှင်ရသေ့ သီတင်းသုံးခဲ့၍ ကလိန်တောင်ဟု အမည်တွင်ခြင်းဖြစ်သည်။ ❖

**ကိုးကား**

– **ရခိုင်သုတအဘိဓာန်(အောင်လှသိန်း)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် လယ်ငါးခူ ပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် လယ်ငါးခူ ပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ်ရှိ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းထံမှ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ငါးခူ ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ လယ်ငါးခူပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးခူများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရန်ကုန်ဈေးကွက်သို့ တင်ပို့အားကောင်းလာကြောင်း သိရသည်။

"ငါးခူတင်ပို့အားကောင်းလာပါတယ်။ နိုဝင်ဘာလအတွင်း ငါးခူပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအပေါ် မတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ လက်ရှိအချိန်က ဒေသမှာ လယ်ငါးခူတွေ ထွက်ရှိနေတဲ့အချိန်ပါ။ ဒီလယ်ငါးခူက ပြည်တွင်းမှာ စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ် ကောင်းပေမဲ့ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က လယ်ငါးခူကို ဝယ်ယူမှုအားကောင်းပါတယ်။ ငါးခူတွေ အရောင်းအဝယ်ကောင်းတော့ ရောင်းဝယ်ရေးလုပ်ငန်းရှင်တွေကလဲ လယ်ငါးခူရှာဖွေသူတွေဆီ သွားရောက်ဝယ်ယူကြပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် လယ်ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၀ ရှိပြီး အဆိုပါ လယ်ငါးခူများကို စနစ်တကျထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လယ်ငါးခူများ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ကုန်သည်များ၊ လယ်ငါးခူရှာဖွေသူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်ရှိ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မကွေးမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဘုရားပြိုမြောက်-ဘုရားပြိုတောင်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးနေအောင်ဆန်း၊ မကွေးမြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဇင်လတ်နှင့် တာဝန်ရှိသူများက ဘုရားပြိုမြောက်-ဘုရားပြိုတောင်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးနေအောင်ဆန်းက မကွေးအောင်မင်းကုမ္ပဏီမှ တာဝန်ရှိသူများကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မကွေးမြို့နယ် ဘုရားပြိုမြောက်-ဘုရားပြိုတောင် ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၂၉ ဒသမ ၂ သန်းဖြင့် မကွေးအောင်မင်းကုမ္ပဏီက ယခုနှစ် ဇူလိုင်လ တတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဘုရားပြိုမြောက်ကျေးရွာနှင့် ဘုရားပြိုတောင်ကျေးရွာရှိ အိမ်ခြေ ၃၃၃ အိမ်မှ လူ ၁၆၁၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များအတွက် သွားလာရလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။ **ကိုညီ(၂)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၇၅ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၂၉၀၀ |
| 95 Ron | ၂၅၄၅ | ၂၅၈၅ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၀၀ | ၂၅၇၅ | ၂၆၇၅ | ၂၆၉၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၇ | ၂၄၀၇ |
| 95 Ron | ၂၄၂၄ | ၂၅၀၆ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၂၉ | ၂၂၀၁ |
| HSD (10 ppm) | ၂၁၃၃ | ၂၂၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့မည့် ကုန်တင်ယာဉ်ပြန်လည်များပြားလာ



**မြစ်ကြီးနား ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့မည့်ကုန်တင်ယာဉ်အစီးရေ ပြန်လည်များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း အဓိက ထားစိုက်ပျိုးသည့် တစ်သျှူးငှက်ပျောများကို ယခုလက်ရှိ တရုတ်နိုင်ငံသို့ တင်ပို့မှုပြန်လည်များလာကြောင်း၊ ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တင်ပို့မည့် ကုန်တင်ယာဉ်အစီးရေမှာ ဒီဇင်ဘာလပထမပတ်က အစီးရေ ၁၅၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ကုန်တင်ယာဉ်အစီးရေ ၂၅၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခု ကချင်ပြည်နယ်ဘက်က ထွက်တဲ့တစ်သျှူးငှက်ပျောကိုတော့ ၁၂ ဘီးယာဉ်နဲ့ ကံပိုင်တည်ဘက်ကနေ တရုတ်နိုင်ငံဘက်ကိုတင်ပို့တာနည်းတယ်။ ၂၂ ဘီးယာဉ်တွေနဲ့ပဲ တစ်သျှူးငှက်ပျောကို အဓိကထားတင်ပို့နေကြတယ်"ဟု ဒုတိယဥက္ကဋ္ဌဒေါ်တူးက ဆက်လက်ပြောပြသည်။

တစ်သျှူးငှက်ပျောများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ တစ်ဖက်ကမ်း ဝိုင်းမော်၊ မိုးမောက်နှင့် ဗန်းမော်မြို့နယ်တို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၄)

# သရက်မြို့နယ် ပြရေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပြရေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပြရေကျေးရွာ၌ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြရေကျေးရွာ၌ လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ပြရေကျေးရွာရှိကျေးလက်ပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူနေပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ခင်မာ**



# မြဝတီမြို့နယ် ထီးကော်ထောကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြဝတီ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထီးကော်ထောကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ထီးကော်ထောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# လူငယ်နှင့် စာပေအနုပညာပွဲတော်

\- လို့လလည်းထူ၊ ဉာဏ်လည်းကူမှ
လူကောင်းလူမွန်၊ လူရည်ချွန်တို့
ကျေပွန်အောင်ပန်း၊ ဆွတ်ချူလှမ်းကာ
မြင့်နန်းခေါင်တွင်၊ မြပေါ်လွင်၍
နောင်တွင်ပြည်ကျိုး၊ ရွယ်သယ်ပိုးဖို့
တို့မျိုးဆက်တွေ၊ တိုးတက်စေ။

\- စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းမှန်ဖြင့်
တွေးကြံကာသိ၊ ဉာဏ်သတိဖြင့်
ကောင်း၏ဆိုး၏၊ ကြောင်းကျိုးကြည့်ကာ
မှား၏မှန်၏၊ ပညာသိဖြင့်
ချိန်ညှိကာရယ်၊ တို့လူငယ်တို့
နောင်ဝယ်ပြည်ကျိုး၊ ချစ်မြတ်နိုးကာ
တို့မျိုးဆက်တွေ၊ တိုးတက်စေ။

\- ပညာရှေးရှု၊ အောင်မြင်မှုဝေ
ပြုစုပျိုးထောင်၊ အလင်းဆောင်၍
နောင်ခါမျိုးဆက်၊ ပိုတိုးတက်ဖို့
ထမ်းရွက်ဝန်တာ၊ စေတနာဖြင့်
ညွှန်ကာလမ်းပြ၊ လမ်းမှန်ရ၍
ဘဝအခြေမြင့်နိုင်စေ။

\- စာပေဖတ်ရှု၊ အနုပညာ
လေ့လာလိုက်စား၊ သိဉာဏ်ပွားကာ
မြင့်မားစွာဖြင့်၊ ဝိဇ္ဇာသိပ္ပ
ထူးချွန်ကြကာ၊ ဗလငါးတန်
ပြည့်စုံရန်တွက်၊ လေးနက်စုံကြွယ်
လူငယ်အရေး၊ ရှေးရှုတွေး၍
အလေးထားကာ၊ ဆင်နွှဲပျော်
စာပေအနုပညာပွဲတော်။ ။

**မောင်လေပြေ(တောင်တွင်း)**

# ထားဝယ်မြို့နယ် ဇဟာကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဇဟာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ပြုံးပြုံးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဇဟာကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး ယနေ့မှစ၍ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်ထိ အခမဲ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# မြန်မာတိုင်းအတွက် မြန်မာ့တိုင်းရင်းဆေး

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

❖ မြန်မာ့ဆေးပညာရပ်ဆိုတာ မြတ်စွာဘုရားလက်ထက်တော်မှစပြီး ပေါ်ပေါက်ဖြစ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ အမျိုးသားအမွေအနှစ်ကို အသက်နဲ့မကွာထိန်းသိမ်းလာတဲ့ စိတ်ဟာ မြန်မာလူမျိုးတွေရဲ့ထူးခြားချက်ဖြစ်ပါတယ်။ သဘာဝဆေးဖက်ဝင်ပစ္စည်းတွေအပေါ် ယုံကြည်မှုတို့ကြောင့် အနောက်တိုင်းဆေးပညာ ထွန်းကားခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာပင် မြန်မာ့ဆေးပညာရပ်ဟာ မမေ့မမှိန်တည်တံ့နေပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာတော့ မြန်မာ့တိုင်းရင်းဆေးလောကကို ပိုမိုမြင့်မားစေခဲ့ပါတယ်။ ❖

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နေပြည်တော်မှာ ဒီဇင်ဘာ ၂၀ ရက်ကနေ ၂၂ ရက်ထိ ကျင်းပလျက်ရှိပါတယ်။ အဆိုပါအခမ်းအနားဟာ နိုင်ငံအတွက် အရေးပါတဲ့ အခမ်းအနားတစ်ခု ဖြစ်သလို မြန်မာ့တိုင်းရင်းဆေးလောကအတွက်လဲ အရေးကြီးလှပါတယ်။ မြန်မာတို့ ကိုယ့်ထီး ကိုယ်နန်းနဲ့ နေထိုင်စဉ်ကာလကတည်းက မြန်မာ့တိုင်းရင်းဆေးက လွှမ်းစွာထင်ရှားအသုံးဝင်လျက်ရှိတာကို စာပေတွေမှာ မှတ်တမ်းတင်ထားပါတယ်။ မြန်မာတို့ရဲ့ ယုံကြည်ကိုးကွယ်ရာ ထေရဝါဒဗုဒ္ဓဘာသာကနေ ရရှိလာတဲ့ ပညာအမွေတစ်ခုလဲဖြစ်ပါတယ်။ မြန်မာ့ရေမြေသဘာဝအလျောက် နိုင်ငံတစ်ဝန်းမှာ ပေါက်ရောက်နေတဲ့ ဆေးဖက်ဝင်အပင်တွေဟာ တန်ဖိုးမဖြတ်နိုင်အောင် ပေါများလျက်ရှိပါတယ်။

ဒါကြောင့်လဲ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်လို့ ဆိုရိုးရှိထားတာဖြစ်ပါတယ်။ ဆေးဖက်မဝင်တဲ့ အပင်ရယ်တစ်ပင်မှမရှိကြောင်း ရှေးအစဉ်အလာအရ သိရပေမဲ့ အသုံးပြုမှု၊ မှတ်တမ်းတင်မှုနည်းပါးတာကြောင့် အပင်တိုင်းကို အသုံးမပြုနိုင်တော့တာမျိုးရှိပါတယ်။ မြန်မာတိုင်းရင်းဆေးပညာဟာ အလွန်ပဲ ခက်ခဲနက်နဲကျယ်ဝန်းလှပါတယ်။ သမားတော်ကြီးဖြစ်သွားတဲ့တိုင်အောင် ဆေးပညာရပ်နဲ့ပတ်သက်ရင် လေ့လာလိုက်စားသင်ယူနေရဆဲ၊ သုတေသနပြုနေရဆဲဖြစ်ပါတယ်။ သင်ယူလို့မကုန်နိုင်အောင်လဲ များပြားလှပါတယ်။

မြန်မာ့မြေမှာ မြန်မာလူသားတို့ရှင်သန်ခဲ့ရာမှာ ကျန်းမာရေးဆိုင်ရာအတွက် မြန်မာ့တိုင်းရင်းဆေးတွေကိုသာ အသုံးပြုခဲ့ကြတာဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာဟာ ရှေးဘုရင်များလက်ထက် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်က ထွန်းကားခဲ့တဲ့ သမိုင်းအထောက်အထားခိုင်မာစွာတည်ရှိနေပြီးဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ မိမိတို့ရဲ့တိုင်းရင်းဆေးကို ယုံကြည်စွာလက်ခံသုံးစွဲခဲ့ကြပြီး လက်လှမ်းမီရာ ဆေးမြီးတိုတွေကိုလဲ သုံးစွဲခဲ့ကြပါတယ်။

အထူးသဖြင့် ကုန်းဘောင်ခေတ်မှာ မြန်မာတိုင်းရင်းဆေးပညာတွေ ပိုမိုထွန်းကားခဲ့ပါတယ်။ တီထွင်မှုတွေလဲရှိခဲ့ပါတယ်။ ရှေးယခင်နှစ်ပေါင်းများစွာကပင် ရသေ့ပညာ၊ ဗိန္ဒောပညာ၊ ဗေဒင်နက္ခတ်ပညာ၊ အာယုဗေဒဆေးပညာတွေနဲ့သာ ကုသနေကြတဲ့အတွက် ရောဂါဝေဒနာမှာ သက်သာရုံမျှသာရှိခဲ့ပါတယ်။ အဲဒီဆေးပညာရပ်တွေနဲ့ ရောဂါဝေဒနာတို့ကို သေချာပျောက်ကင်းသည်ဟူ၍ မရှိပါ။ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးရဲ့ လက်ထက်ရောက်မှ မြတ်စွာဘုရားဟောကြားတော်မူအပ်တဲ့ "အဘိဓမ္မာဒေသနာနည်းလာဓာတ်ပညာ"ကို ဖော်ထုတ်ခဲ့ပြီး မည်သည့်ဆေးပညာရပ်တွေနဲ့မှ မနှိုင်းယှဉ်အပ်လောက်အောင် အစွမ်းထက်မြက်ပါတယ်။

မြတ်စွာဘုရားရဲ့ဒေသနာတော်နဲ့အညီ တောင်သာ ဆေးပညာကိုတီထွင်ခဲ့သူမှာ သမားတော်ဝန်ကြီးဦးမှုန့်ဖြစ်ပါတယ်။ ဆရာကြီးဟာ လောကုတ္တရာ၊ ပရိယတ္တိဒေသနာတော်တို့မှာ ထူးချွန်ပြည့်စုံကြွယ်ဝသူဖြစ်ပါတယ်။ အသက် ၄၀ အရွယ်မှာ ဒေသနာတော်နယဆေးပညာကို တစ်ဖက် ကမ်းခပ်တတ်မြောက်လာခဲ့ပါတယ်။ ဆရာကြီးအနေနဲ့ အရင်ကတတ်မြောက်ထားတဲ့ ဆေးပညာအရပ်ရပ်တို့မှာ သတ္တဝါအများတို့ရဲ့ အသက်ရှည်ရာ၊ အနာကင်းကြောင်းကို လုံးဝမဖြစ်နိုင်။ ခေတ္တခဏသာလျှင် သက်သာရုံ၊ နေသာရုံ တားဆီးရုံသာဖြစ်နေတဲ့အတွက် ဒီထက်ပိုမို ကောင်းမွန်တဲ့ ကုသနည်းကို အမြဲတမ်း စဉ်းစားနေပါတယ်။ အမှန်တော့ဆရာကြီးဟာ အသက် ၄၀ အရွယ်မှာ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းနဲ့ အာယုဗေဒမကျန် အင်းမန္တန်၊ ပထမံစမ အတန်တန်၊ ဆရာ့ဆရာတွေထံ ဥပနိဿယခံပြီး သင်ကြားခဲ့တဲ့အတွက် ထူးချွန်တဲ့ ဆရာအဖြစ်ကို ရောက်နေပါပြီ။ ဆေးပညာရပ်တွေကို တတ်ကျွမ်းပြီဆိုပြီး ဆရာတစ်ဆူလုပ်ကာ ဝေဒနာရှင်အများကို ကုသခဲ့ရာမှာ ဘယ်ဝေဒနာကိုမှ မပိုင်မနိုင်ရှိနေတဲ့အတွက် ဆရာကြီးက လုံးဝမကျေမနပ်ဖြစ်နေပါတယ်။

ဆေးပညာအစစ်အမှန်ဖြစ်တဲ့ မြတ်စွာဘုရားဟောကြားတဲ့ ဒေသနာနယတရားက မထင်မရှား၊ ပျောက်ကွယ်လုမတတ်ဖြစ်နေပါတယ်။ ဒါကြောင့် ခန္ဓာငါးပါးရုပ်နာမ်တရားပေါ်မှသာအနာကျရောက်သည် အမှန်ဖြစ်လေသောကြောင့် ပရမတ်ဉာဏ်၊ ဓာတ်ဉာဏ်ဖြင့် ကြံဆမှသာလျှင် တကယ့်အနာရောဂါဝေဒနာဟူသမျှကို ကယ်တင်နိုင်မယ်လို့ဆရာကြီးက ယုံကြည်လာခဲ့ပါတယ်။ အမြဲတစေကြဲစည်အားထုတ်ကာ ဉာဏသမ္မယုတ်နဲ့ဖြန့်ကြည့်ပြီး အဲဒီအချိန်ကစလို့ ပြင်းပြတဲ့စိတ်ထားတဲ့ မနားမနေကြိုးစားအားထုတ်ပါတယ်။ ဆရာကြီးရဲ့ဆေးပညာစွမ်းကို သိရှိတဲ့သူများလာပြီး ဆေးကုသသူများလာပါတယ်။

အဲဒီအချိန်မှာပဲ ရတနာပုံနေပြည်တော်မှာ မင်းတုန်းမင်းကြီးဟာ သွေးဒူလာရောဂါစွဲကပ်ပါတယ်။ နန်းတွင်းသမားတော်ခြောက်ယောက်၊ တစ်လကိုတစ်ယောက်ကျ ကုသပေမဲ့မသက်သာပါဘူး။ မင်းတုန်းမင်းက သက်တော်ရှည်အမတ်ကြီးတွေကို တိုင်းတစ်ပါးမှ သမားတော်ကို စုံစမ်းပင့်ခေါ်ဖို့ တိုင်ပင်ပါတယ်။ သက်တော်ရှည်အမတ်တစ်ယောက်က "တောင်သာမြို့မှ ဆရာဦးမှုန့်သည် တောတွင်းမှာသာကျော်သူမဟုတ် နန်းတွင်းသို့ပင် ကျော်စောသတင်းရောက်ရှိနေပါသဖြင့် ဆရာဦးမှုန့်ကိုပင့်ခေါ်၍ ကုသရလျှင် ဝေဒနာများ ရှည်မကြာပျောက်ပါမည့်အကြောင်း" လျှောက်တင်ပါတယ်။ အဲနောက်မှာတော့ မြင်းသည်ကျော်လွှတ်ပြီး ဆရာဦးမှုန့်ကို ပင့်ခေါ်စေခဲ့ပါတယ်။

မင်းတုန်းမင်းကြီးက ဆရာဦးမှုန့်အား "ငါ့ရောဂါကို ပျောက်အောင် ကုနိုင်ပါ့မလား"လို့မေးပြီး သူ့ရဲ့ရောဂါအကြောင်းကို အစမှအဆုံးပြန်ပြောမိန့်တော်မူပါတယ်။ ဆရာဦးမှုန့်က ရောဂါအကြောင်းကို စေ့စပ်သေချာစွာ သဘောပေါက်တာနဲ့တစ်ပြိုင်နက် "ဘုရင်မင်းမြတ်၏ဝေဒနာကို နှစ်ရက်နဲ့တစ်မွန်းတည့်တွင် ပျောက်ကင်းမည်ဖြစ်ကြောင်း" လျှောက်ထားခဲ့ပါတယ်။ အဲဒီအခါမှာ ဆရာဦးမှုန့်က စားတော်ကဲကို ထောပတ်ထမင်းချက်စေပါတယ်။ အမဲသားတစ်ပိဿာကို မီးကင်ပြီးထုခြေကာ ထောပတ်နဲ့ စိမ်လိုက်ပါတယ်။ အထပ်ထပ်မီးကင်၊ ထောပတ်ဆီတွင်တွင်ချတဲ့အခါမှာ အမဲနံ့လုံးဝပျောက်ကင်းပြီး နတ်သုဓာတမျှ အနံ့အရသာနဲ့ပြည့်စုံသွားပါတယ်။

နံနက်ပွဲတော်တည်ချိန်မှာတော့ ဆရာဦးမှုန့်ဟာ စားတော်ကဲနဲ့အတူ မင်းတရားကြီးရှေ့တော်သို့ ဝင်ရောက်ပြီး ပွဲတော်တည်ဖို့ လျှောက်ထားပါတယ်။ မင်းတရားကြီးက အဲဒီဓာတ်စာဟင်းလျာကို ဆရာကြီးအမိန့်ရှိတဲ့အတိုင်း ပွဲတော်တည်ပါတယ်။ လပေါင်းများစွာခံစားနေရတဲ့ သွေးဒူလာရောဂါဟာ နှစ်ရက်အတွင်းမှာပဲ ပျောက်ကင်းသွားခဲ့ပါတယ်။

တစ်နေ့သောညီလာခံမှာတော့ ဆရာဦးမှုန့်ကို သမားတော်ချုပ်ရာထူးခန့်ထားဖို့ မှူးကြီးမတ်ရာ သေနာပတိတို့နဲ့တိုင်ပင်ပါတယ်။ အားလုံးက သဘောတူကြတဲ့အတွက်ဆရာဦးမှုန့်ကို မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ် တပို့တွဲလဆန်း(၅)ရက် ခရစ်နှစ် ၁၈၆၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် သောကြာနေ့မှာ သမားတော်ချုပ်အဖြစ်သို့ ချီးမြှောက်ခန့်အပ်တော်မူပါတယ်။ အဲဒီအချိန်မှာ ဆရာဦးမှုန့်ဟာ အသက် ၅၅ နှစ်ရှိပြီဖြစ်ပါတယ်။ မင်းတုန်းမင်းကြီးလက်ထက်ရောက်မှ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ "အဘိဓမ္မာဒေသနာနည်းလာဓာတ်ပညာ"ကို ဆရာဦးမှုန့်က ဖော်ထုတ်လာခဲ့တာမှာ အခြားသောဆေးပညာရပ်တွေကို ထိုးဖောက်ပြီး မြန်မာ့ဆေးပညာအစစ်ကို ဆရာဦးမှုန့်က မျိုးစေ့ချပေးခဲ့တာဖြစ်ပါတယ်။

မြန်မာ့ရေမြေတောတောင်သဘာဝနဲ့ မြန်မာ့လူနေမှုစရိုက်လက္ခဏာအားဖြင့်လည်း ကိုက်ညီပြီး အံ့ဝင်ခွင်ကျရှိပါတယ်။ အဲဒီအချိန် အဲဒီအခါကစပြီး အခြားသောဆေးပညာရပ်တွေ တော်လှန်ပြောင်းလဲလိုက်ပြီး စစ်မှန်တဲ့အမျိုးသားဆေးပညာအဖြစ်နဲ့ အဘိဓမ္မာဒေသနာဓာတ်ပညာကို တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ ဆရာဦးမှုန့်ဟာ ဆေးလောကကို တော်လှန်ဆန်းသစ်စေခဲ့သူဖြစ်ပါတယ်။ အာယုဗေဒဆေးပညာကနေ ထိုးဖောက်တော်လှန်ကာ အဘိဓမ္မာတောင်သာဆေးပညာကိုအုတ်မြစ်ချပေးခဲ့သူ ဗိသုကာကြီးလဲဖြစ်ပါတယ်။ ဗုဒ္ဓကအဘိဓမ္မာကို အခြေခံပြီး ဓာတ်ကြီးတို့ရဲ့ ဒြပ်ဝတ္ထုစွမ်းအင်တွေကို စကြဝဠာတစ်ရပ်လုံးကို ရှုမြင်သုံးသပ်ပြီး မြတ်စွာဘုရားဟောကြားအပ်တဲ့ ဒေသနာနယဆေးပညာရပ်ကို ဖွင့်ဆိုမွေးဖွားသန့်စင်ခဲ့တာဖြစ်ပါတယ်။

မြန်မာ့ဆေးပညာရပ်ဆိုတာ မြတ်စွာဘုရားလက်ထက်တော်မှစပြီး ပေါ်ပေါက်ဖြစ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ အမျိုးသားအမွေအနှစ်ကိုအသက်နဲ့မကွာ ထိန်းသိမ်းလာတဲ့ စိတ်ဟာ မြန်မာလူမျိုးတွေရဲ့ထူးခြားချက်ဖြစ်ပါတယ်။ သဘာဝဆေးဖက်ဝင်ပစ္စည်းတွေအပေါ် ယုံကြည်မှုတို့ကြောင့် အနောက်တိုင်းဆေးပညာထွန်းကားခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာပင် မြန်မာ့ဆေးပညာရပ်ဟာ မမေ့မမှိန်တည်တံ့နေပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာတော့ မြန်မာ့တိုင်းရင်းဆေးလောကကို ပိုမိုမြင့်မားစေခဲ့ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွေကို ကျင်းပလာခဲ့ရာမှာ ၂၀၂၃ ခုနှစ်တွင် (၂၂) ကြိမ်သို့ရောက်ခဲ့ပြီဖြစ်ပါတယ်။

(၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေး ပညာနှီးနှောဖလှယ်ပွဲကို အောက်ပါရည်ရွယ်ချက်တွေနဲ့ ကျင်းပနေပါတယ်-

- (က) တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်း၊ ပြည်ပရှိ ဆက်စပ်နီးနွယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- (ခ) ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်။
- (ဂ) ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးရန်။
- (ဃ) ပြည်သူလူထု၏ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးရန်။

မျက်မှောက်ကာလမှာ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်တို့အနေနဲ့ မြန်မာ့တိုင်းရင်းဆေးနဲ့ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်းမြင့်မားလာစေဖို့၊ အရည်အသွေးပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်တွေ မွေးထုတ်ပေးဖို့၊ အရည်အသွေးမြင့်မားတဲ့ မြန်မာ့တိုင်းရင်းဆေးဝါးတွေ ပေါ်ထွက်လာစေဖို့ စတဲ့ ရည်မှန်းချက်တွေကို အလေးထားကြိုးပမ်းအကောင်အထည်ဖော်နေပါတယ်။ ၂၀၀၀ ပြည့်နှစ်ကစပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ပညာရပ်တစ်ခုကို ဆွေးနွေးညှိနှိုင်း၊သုတေသနပြုအဖြေရှာခြင်းဖြင့် ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးဝါးတွေကို ဘိုးစဉ်ဘောင်ဆက်အားကိုးမှုပြုလာသလို ဒီကနေ့အချိန်အခါမှာလဲ ယုံယုံကြည်ကြည်သုံးစွဲလျက်ရှိပါတယ်။ အခုကျင်းပနေတဲ့ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲမှာ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတကာမှတိုင်းရင်းဆေးတက္ကသိုလ်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဘေးဥပဒ်ကင်းရှင်းပြီး အရည်အသွေးအာနိသင်ပြည့်ဝတဲ့ ပိုမိုကောင်းမွန်တဲ့ ဦးစီးဌာနသုံးတိုင်းရင်းဆေးဝါးတွေ ပေါ်ထွက်လာစေရေး အတွက် သုတေသနလုပ်ငန်းတွေ၊ အသိပညာပေးလုပ်ငန်းတွေ ပိုင်းဝန်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အရည်အသွေးတွေပိုမိုတိုးတက်မြင့်မားလာစေရေး၊ တိုင်းရင်းဆေးပညာရှင်တွေအတွက် ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်းတွေ ဖွင့်လှစ်နိုင်ရေး ဆက်စပ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးတို့ကို လုပ်ဆောင်မယ်လို့သိရှိရပါတယ်။ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်တွေရဲ့အတွေ့အကြုံ၊ အတွေးအခေါ် အယူအဆ၊ အသိပညာတွေနဲ့ ဝိုင်းဝန်းဆွေးနွေးကြမှာဖြစ်လို့ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ဂုဏ်ပြုရေးသားလိုက်ပါတယ်။

**ကိုးကား**

- **ဒေါက်တာမောင်ဖြေ၏ "အဘိဓမ္မာဒေသနာနည်းလာဓာတ်ပညာအဖွင့်"**
- **နေ့စဉ်ထုတ်သတင်းစာများ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ခုံးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ခုံး ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခုံးပိသာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ခုံး ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ခုံးများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းနေကြောင်း သိရသည်။

"ဒေသက ထွက်ရှိတဲ့ ခုံးတွေ ဝယ်ယူမှုကောင်းနေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို ဝယ်ယူမှုကောင်းနေတာပါ။ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ခုံးတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ဒေသထွက်ခုံးတွေကို လပွတ္တာမြို့ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လည်ပတ်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ ပြန်ပြီးအလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဖန်းခါးစမ်း-သန်းပင်ကုန်း-အလယ်ကန် ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရေနံချောင်းမြို့နယ် ဖန်းခါးစမ်း- သန်းပင်ကုန်း - အလယ်ကန် ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ)ဒေါ်နှင်းပုလဲထွေးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဖန်းခါးစမ်း-သန်းပင်ကုန်း-အလယ်ကန် ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မ မြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၆၄ ဒသမ ၆၅၅ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများ စုဖွဲ့ကာ ဌာနလတတိယပတ်မှစ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းလမ်း ဖောက်လုပ်နိုင်မှုကြောင့် ဖန်းခါးစမ်း၊ သန်းပင်ကုန်း၊ အလယ်ကန် ကျေးရွာနေ ပြည်သူများအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၆၆၄ ဧကစိုက်ပျိုးပြီးစီး

**ခင်ဦး ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ ၅၆၆၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း ၄၉၃၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၅၆၆၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ ခင်ဦးမြို့နယ်မှာ ဖူးစားပြောင်းသီးနှံ ဧက ၄၉၃၃ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၅၆၆၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးမှုအနေနဲ့က လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်နေတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း ၄၃၄၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၅၆၂၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# တပ်ကုန်းမြို့နယ် ကျီးအင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်တုန်းအိုင်ကျေးရွာအုပ်စု ကျီးအင်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက ကျီးအင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျီးအင်းကျေးရွာတွင် တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ တာကြန့်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများက တာကြန့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာတွင် လမ်းအရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၄၂ ဒသမ ၆၁၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် မင်းမြန်မာထွန်းကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက တာကြန့်ကျေးရွာနှင့်အနီးတစ်ဝိုက်ကျေးရွာများမှ ထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် မြို့ပေါ်ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်ထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# လုံခြုံရေးပံ့ပိုးမှုအစီအစဉ်ဖြင့်ခြေဆန့်လာသည့် ဂျပန်၏ကာကွယ်ရေးဆိုင်ရာသံခင်းတမန်ခင်း

ဂျပန်နိုင်ငံသည် မကြာသေးသည့် နှစ်များမှစ၍ စစ်ရေးတည်ဆောက်မှုကို အရှိန်မြှင့်လုပ်ဆောင်လာသကဲ့သို့ တစ်ဖက်တွင် ကာကွယ်ရေးဆိုင်ရာသံခင်းတမန်ခင်းကိုလည်း တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံ၏အခြေခံဥပဒေအရ ဂျပန်နိုင်ငံအတွင်း၌ ခုခံကာကွယ်ရေးလက်နက်များကိုသာ ထုတ်လုပ်ခွင့်ရှိပြီး ထိုးစစ်လက်နက်များကို ထုတ်လုပ်ခွင့်မရှိပေ။ ထို့အတူ စစ်လက်နက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချခွင့်လည်းမရှိပေ။ သို့သော်လည်း ၂၀၁၄ ခုနှစ်တွင် အခြေခံဥပဒေဆိုင်ရာကန့်သတ်ချက်တချို့ကိုပြင်ဆင်ပြီးနောက် ဒေသတွင်းနိုင်ငံများသို့ ထိုးစစ်မဟုတ်သည့် စစ်လက်နက်ပစ္စည်းများရောင်းချရေးကိုကြိုးပမ်းလာခဲ့သည်။ ထို့ပြင် စစ်ရေးတည်ဆောက်မှုအတွက် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်လာခဲ့ရာ ၂၀၂၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံလျာထားခဲ့ပြီး ဒေသတွင်းနိုင်ငံများနှင့်လည်း ကာကွယ်ရေးဆိုင်ရာဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

**တရားဝင်လုံခြုံရေးအထောက်အပံ့**

ဂျပန်အစိုးရသည် အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးပွဲကို ၂၀၂၃ ခုနှစ် ဧပြီ ၅ ရက်တွင် ပြုလုပ်ခဲ့ပြီး သတ်မှတ်ထားသည့်နိုင်ငံများသို့ လက်နက်များ၊ စစ်ရေးအထောက်အပံ့နှင့် အခြားစစ်ဘက်ဆိုင်ရာအကူအညီများ ပံ့ပိုးရေးဆောင်ရွက်ပေးမည့် ပြည်ပစစ်ဘက်များကို အထောက်အပံ့ပေးရေးအစီအစဉ်တစ်ရပ်ကိုချမှတ်ခဲ့သည်။ တရားဝင်လုံခြုံရေးအထောက်အပံ့ (Official Security Assistance-OSA)ဟု အမည်ပေးထားသည့် အစီအစဉ်သစ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စစ်ဘက်စွမ်းရည်များကို ခိုင်မာအားကောင်းစေရန်အတွက် ရန်ပုံငွေ၊ လက်နက်၊ ပစ္စည်းကိရိယာနည်းတူ စစ်သုံးလေယာဉ်ကွင်း၊ ဆိပ်ကမ်းများနှင့်အခြားအခြေခံအဆောက်အအုံကဲ့သို့သော ပံ့ပိုးမှုများ ဆောင်ရွက်ခြင်းဖြင့် အထောက်အပံ့ပေးရန် ရည်ရွယ်သည်။ အဓိကအားဖြင့် စိတ်တူကိုယ်တူနိုင်ငံများ၏လုံခြုံရေးနှင့် ဟန့်တားရေးစွမ်းရည်မြှင့်တင်ရန်အတွက်ဖြစ်ပြီး ၎င်းသည် ဂျပန်နိုင်ငံ၏ အဓိကအကျိုးစီးပွားဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် အနောက်အုပ်စုနိုင်ငံများမှ အတွေ့အကြုံကို သင်ခန်းစာရယူခဲ့သည့် ဂျပန်အစိုးရသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုဘဝဆိုင်ရာအထောက်အပံ့များ အဓိကပံ့ပိုးသည့် တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (Official Development Assistance-ODA)အစီအစဉ်တစ်ခုကိုလည်း တည်ထောင်ခဲ့သည်။ ၎င်းအစီအစဉ်သည် ဒုတိယကမ္ဘာစစ်လွန်ဆက်ဆံရေးကို ဖြေရှင်းရာတွင် အရေးပါသည့်နည်းလမ်းတစ်ခုဖြစ်ပြီး နိုင်ငံ၏အမျိုးသားပုံရိပ်ကိုတိုးတက်ကောင်းမွန်စေသည်။ ၎င်းနည်းလမ်းဖြင့် ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် တင်းမာမှုလျော့ပါးရေးကို ဆောင်ရွက်ခဲ့သည်။

**စစ်လက်နက်ပစ္စည်းပံ့ပိုးမှု**

စစ်ရေးမဟုတ်သည့်နယ်ပယ်ကို အလေးထားသည့် ODA နှင့်မတူညီသည်မှာ ယခုအစီအစဉ်က စစ်ရေးနယ်ပယ်အပေါ် အလေးပေးထားသည်။ ၂၀၁၇ ခုနှစ်အတွင်းက ဂျပန်နိုင်ငံသည် တစ်ပတ်ရစ်စစ်လက်နက်ပစ္စည်းများကို အခမဲ့ပေးခြင်း သို့မဟုတ် သက်သာသောဈေးနှုန်းဖြင့် လွှဲပြောင်းပေးခြင်းကို ခွင့်ပြုသည့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဥပဒေကို ပြန်လည်သုံးသပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်သို့ ကင်းလှည့်ရေယာဉ်နှင့် လေယာဉ်များ ပံ့ပိုးရေးဆောင်ရွက်ခဲ့သည်။ ပထမအဆင့်အနေဖြင့် ကင်းလှည့်ရေယာဉ်နှစ်စီးကို ပံ့ပိုးခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် အကြီးစားကင်းလှည့်ရေယာဉ်နှစ်စီး ပံ့ပိုးရေးကို ၂၀၁၆ ခုနှစ်က ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်သို့လေကြောင်းစောင့်ကြည့်ရေးရေဒါတစ်ခုကိုလည်း ၂၀၂၂ ခုနှစ် အောက်တိုဘာလက ရောင်းချခဲ့သည်။ ၎င်းရောင်းချမှုသည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းများနှင့် ကာကွယ်ရေးနည်းပညာများ လွှဲပြောင်းပေးရေးမူဝါဒ သုံးခုအရ ဂျပန်နိုင်ငံက ဖိလစ်ပိုင်သို့ ရောင်းချပေးခြင်းဖြစ်သည်။ ရေဒါလေးစုံကို ဂျပန်နိုင်ငံ၏ မစ်ဆူဘီရှီအီလက်ထရွန်နစ်ကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်ပသို့ ပထမဆုံး တင်ပို့ရောင်းချခြင်းဖြစ်သည်။ ရေဒါသုံးခုသည် အခြေစိုက်ရေဒါများဖြစ်ပြီး တစ်ခုသည် ရွှေ့လျားရေဒါစနစ်ဖြစ်သည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံသည် ရေပြင်အထက်ဝေဟင်ပိုင်နက်ကို စောင့်ကြည့်ရေးအတွက် ဖိလစ်ပိုင်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖီဂျီတို့ကို ရေဒါနှင့် ဂြိုဟ်တုဆက်သွယ်ရေးပံ့ပိုးပေးရန် စီစဉ်လျက်ရှိသည်။

❖ ဂျပန်နိုင်ငံသည် ရေပြင်အထက် ဝေဟင်ပိုင်နက်ကိုစောင့်ကြည့်ရေးအတွက် ဖိလစ်ပိုင်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖီဂျီတို့ကို ရေဒါနှင့် ဂြိုဟ်တုဆက်သွယ်ရေးပံ့ပိုးပေးရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း အင်ဒို-ပစိဖိတ်ဒေသတွင်းနိုင်ငံများသို့ ဆက်သွယ်ရေးစနစ်များ အဆိုပြုကမ်းလှမ်းခဲ့သည်။ ပြီးခဲ့သည့်လအတွင်းက ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က ကမ်းခြေစောင့်ရေယာဉ်များနှင့် ရေဒါစနစ်တစ်ခုဝယ်ယူရန် ဆွေးနွေးမှုကို ဂျပန်နိုင်ငံက သဘောတူညီခဲ့ပြီး နှစ်နိုင်ငံတွင် တပ်ဖွဲ့ဝင်များ အပြန်အလှန်ဖြန့်ကြက်ခွင့်ပြုရန် ဆွေးနွေးလျက်ရှိသည်။ ❖

ထို့ပြင် ဂျပန်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း အင်ဒို-ပစိဖိတ်ဒေသတွင်းနိုင်ငံများသို့ ဆက်သွယ်ရေးစနစ်များ အဆိုပြုကမ်းလှမ်းခဲ့သည်။ ပြီးခဲ့သည့်လအတွင်းက ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က ကမ်းခြေစောင့်ရေယာဉ်များနှင့် ရေဒါစနစ်တစ်ခုဝယ်ယူရန် ဆွေးနွေးမှုကို ဂျပန်နိုင်ငံက သဘောတူညီခဲ့ပြီး နှစ်နိုင်ငံတွင် တပ်ဖွဲ့ဝင်များ အပြန်အလှန်ဖြန့်ကြက်ခွင့်ပြုရန် ဆွေးနွေးလျက်ရှိသည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၁၅ ရက်အတွင်း ဆွေးနွေးမှုများအရ ဂျပန်နိုင်ငံသည် OSA ကိုအခြေခံ၍ အပြန်အလှန်လည်ပတ်မှုသဘောတူညီချက်ကို အပြီးသတ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်အတွင်း ကင်းလှည့်ရေယာဉ်များကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ သန်းဖိုးရောင်းချပေးရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုက ပြောကြားထားသည်။ ယခုအခါ မလေးရှားနိုင်ငံနှင့်အတူ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးကို နက်ရှိုင်းစေရန်နှင့် ကြိုတင်သတိပေးနှင့် စောင့်ကြည့်ရေးစနစ်များအတွက် ယန်း သန်း ၄၀၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း)ဖိုး ရောင်းချပေးရန် သဘောတူခဲ့သည်ဟု ဒီဇင်ဘာ ၁၆ ရက်က ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံအနေဖြင့် မလက္ကာရေလက်ကြားတွင် ရေလမ်းကြောင်းလုံခြုံရေးအတွက် အဓိကကျသောကြောင့် ၎င်း၏စောင့်ကြည့်ထောက်လှမ်းမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ခြင်းဖြစ်သည်။ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ပါပူဝါနယူးဂီနီ၊ မွန်ဂိုလီးယား၊ ဂျီဘူတီတို့နှင့် ရောင်းချမှုများ ပြုလုပ်ရန်လည်း လျာထားသည်။

၎င်းစစ်ရေးအထောက်အပံ့အစီအစဉ်ဆောင်ရွက်မှုက ဂျပန်နိုင်ငံအနေဖြင့် စစ်ရေးရည်ရွယ်ချက်အတွက် နိုင်ငံတကာအထောက်အပံ့ပေးမှုအပေါ် ကန့်သတ်ချက်ကိုချိုးဖောက်ပြီး အဖွဲ့အစည်းအလိုက် စစ်ရေးအထောက်အပံ့ပေးမှုစနစ်ကို တည်ဆောက်ခဲ့သည်။ ဂျပန်နိုင်ငံက တရားဝင်လုံခြုံရေးအထောက်အပံ့အစီအစဉ်မှတစ်ဆင့် ရည်ရွယ်ချက်များကို နှစ်ဆအောင်မြင်စေရန်ရည်ရွယ်ထားသည်။ အခြားတစ်ဖက်တွင်လည်း ဂျပန်နိုင်ငံသည် လက်နက်တင်ပို့မှုကို အရှိန်မြှင့်တင်ခြင်းဖြင့် လိုအပ်ချက်ဖော်ဆောင်ရန် ရည်ရွယ်လျက်ရှိသည်။ ဂျပန်နိုင်ငံသည် စစ်လက်နက်ပစ္စည်းများကို စတင်ရောင်းချခြင်းဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်မတ်လထိ ဂျပန်ယန်း နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅ သန်း) ရရှိပြီးဖြစ်သည်။ ဂျပန်၏ ကာကွယ်ရေးကုမ္ပဏီများဈေးကွက်တွင် ထိုးဖောက်လာနိုင်စေရန်လည်း ရည်ရွယ်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က တိုကျိုတွင် ပြုလုပ်သည့် ဂျပန်-အင်ဒိုနီးရှားထိပ်သီးဆွေးနွေးပွဲတွင် အင်ဒိုနီးရှားအတွက် အကြီးစားကင်းလှည့်ရေယာဉ်တစ်စီးကို ဂျပန်နိုင်ငံက တည်ဆောက်ပေးရန် သဘောတူညီခဲ့သည်။

**ကာကွယ်ရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု**

တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကို စိုးရိမ်လျက်ရှိသော ဂျပန်နိုင်ငံသည် အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျတို့နှင့်အတူ လေးနိုင်ငံလုံခြုံရေးဆွေးနွေးမှုအဖွဲ့ခေါ် Quad အဖွဲ့ကိုလည်း ၂၀၁၇ ခုနှစ်တွင် ပြန်လည်အသက်သွင်း၍ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာခဲ့သည်။ ၎င်းတွင် ဆိုက်ဘာလုံခြုံရေးနှင့်ဆိုက်ဘာကာကွယ်ရေးများထိ ပါဝင်လာသည်။ အဓိကအားဖြင့် ဂျပန်နိုင်ငံသည် ဩစတြေးလျ၊ အိန္ဒိယတို့နှင့်လည်း ကာကွယ်ရေးဆိုင်ရာဆက်ဆံမှုကို သိသိသာသာမြှင့်တင်လျက်ရှိသည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီးချုပ် ရက်ဂျ်နက်ဆင်း၏ ၂၀၂၂ ခုနှစ် အောက်တိုဘာလက ဂျပန်ခရီးစဉ်တွင် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းကိစ္စရပ်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

နှစ်နိုင်ငံလေတပ်များကြား ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်လည်း နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။ ဂျပန်နှင့် အိန္ဒိယတို့သည် အထူးမဟာဗျူဟာနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို ဖော်ဆောင်လျက်ရှိသည်။ ဂျပန်နှင့် အိန္ဒိယတို့၏ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် လွတ်လပ်ပွင့်လင်းပြီး စည်းကမ်းကိုအခြေခံသော အင်ဒို-ပစိဖိတ်တွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်မည်ဟု ရက်ဂျ်နက်ဆင်းက ပြောကြားခဲ့သည်။ ထို့ပြင် ဂျပန်-အိန္ဒိယ ပူးတွဲတိုက်လေယာဉ်များ လေ့ကျင့်ရေးကိုလည်း နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများက သဘောတူညီခဲ့ကြပြီးဖြစ်သည်။

တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုနှင့်ပတ်သက်၍ တင်းမာမှုမြင့်တက်နေချိန်တွင် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံနှင့် ဂျပန်ကြား အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လာနေသည်ဟု ဂျပန်တိုင်းမ်သတင်းစာက ဒီဇင်ဘာ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က တိုကျိုတွင်ကျင်းပခဲ့သည့် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များသည် စွမ်းရည်တည်ဆောက်ခြင်း၊ ကာကွယ်ရေးပစ္စည်းနှင့်နည်းပညာ၊ ပူးတွဲလေ့ကျင့်မှုနှင့် လေ့ကျင့်ခန်းပြုလုပ်မှုကဲ့သို့သော နယ်ပယ်များတွင် လုံခြုံရေးဆိုင်ရာဆက်ဆံမှုကို နက်ရှိုင်းစေရန် သဘောတူညီခဲ့ကြသည်။

သမိုင်းဝင်အလှည့်အပြောင်းကာလတွင် ဥပဒေအခြေခံသည့် လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာအခင်းအကျင်းကို ထိန်းသိမ်းရန်နှင့်ခိုင်မာအားကောင်းစေရန်၊ လူသားတို့၏ဂုဏ်သိက္ခာကာကွယ်သည့် ကမ္ဘာကို ကာကွယ်ရန်အတွက် ဂျပန်နိုင်ငံသည် မလေးရှားနိုင်ငံအပါအဝင် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်ရေး၏အရေးပါမှုကို ဂျပန်နိုင်ငံက အလေးထားကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်း တရားမဝင်ရေကြောင်းဆိုင်ရာ ပိုင်ဆိုင်ကြောင်းတောင်းဆိုမှု၊ စစ်ရေးပြမှု၊ အတင်းအကျပ် လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်မှု သို့မဟုတ် အင်အားအသုံးပြုမှုအပေါ် ဖိလစ်ပိုင်၏ ကာလကြာရှည်ကန့်ကွက်မှုများကိုလည်း ထောက်ခံသည်ဟု ဂျပန်နိုင်ငံက ပြောကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် ဂျပန်နိုင်ငံသည် ဒေသတွင်းပြောင်းလဲနေသည့် လုံခြုံရေးနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပံ့ပိုးမှုများကို ဖြစ်နိုင်သမျှလုပ်ဆောင်ပေးရန် မဖြစ်မနေလိုအပ်သည်ဟု ခံယူလာခဲ့သည်။ အဓိကအားဖြင့် ဂျပန်နိုင်ငံသည် အရှေ့အလယ်ပိုင်းမှ တင်သွင်းရသည့် စွမ်းအင်လမ်းကြောင်းလုံခြုံရေးအတွက်သာမက တောင်တရုတ်ပင်လယ်မှ ဖြတ်သန်းနေရသည့် ၎င်း၏ကုန်စည်စီးဆင်းမှုလမ်းကြောင်းလုံခြုံရေးအတွက်လည်း ပိုမိုလိုအပ်လာခဲ့သည်။ ဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်ဖြစ်မှုခိုင်မာခြင်းကလည်း လုံခြုံရေးအန္တရာယ်ကိုလျော့ပါးစေသည်။ စစ်လက်နက်ပစ္စည်းတင်ပို့မှုများကို စတင်လုပ်ဆောင်လာပြီဖြစ်သည့် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားကဲ့သို့သော ရေကြောင်းလုံခြုံရေးအဓိကဆောင်ရွက်ရသည့်နိုင်ငံများကို ဦးစားပေးလာသည်ကိုတွေ့ရှိရသည်။ သို့ဖြစ်၍ ဂျပန်နိုင်ငံ၏ လုံခြုံရေးအထောက်အပံ့ပေးမှုအစီအစဉ်ဖြင့်လုပ်ဆောင်လာသည့် ကာကွယ်ရေးဆိုင်ရာသံခင်းတမန်ခင်းသည် နိုင်ငံများကို ခွဲခြားပံ့ပိုးလာဖွယ်ရှိပြီး ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


(1) Japan's new military assistance mechanism reveals ulterior motives, China Military Online, Apr.18 (Tue), 2023

(2) Japan's Official Security Assistance (OSA) by DrTunchinmangLangel, November 29, 2023

(3) Japan, ASEAN to boost security ties with eye on China, Tokyo (AFP) Dec 16,2023


မောင်ဝေလွမ်း(သုတေသီ)

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "



ရတနာပုံ ခန်းမ





**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရုပ်ပြရပဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## မန္တလေး ဗုဒ္ဓတက္ကသိုလ်ကျောင်းသားသစ်ခေါ်ယူခြင်းနှင့် ကျောင်းဖွင့်ရက်ကြေညာခြင်း

မန္တလေးဗုဒ္ဓတက္ကသိုလ် ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းသားသစ်/ဟောင်းများကို မန္တလေးဗုဒ္ဓတက္ကသိုလ်(ဆူးခါးတိုက်)၌ ၁၃၈၅ ခု၊ နတ်တော်လဆန်း(၈)ရက်နေ့မှ နတ်တော်လဆန်း(၁၅)ရက်နေ့ထိ (နေ့ ၁ နာရီမှ ညနေ ၄ နာရီထိ) ဝင်ခွင့်ဖောင်များ ထုတ်ပေးခြင်း၊ စိစစ်လက်ခံခြင်းများကို ဆောင်ရွက်ပေးပါမည်။ ထို့နည်းတူ ကျောင်းသားဟောင်းများသည်လည်း အထက်ပါ သတ်မှတ်ထားသည့် ရက်စွဲနှင့်အချိန်အတိုင်း စာရင်းပေးသွင်းရပါမည်။ ၁၃၈၅ ခု၊ နတ်တော်လပြည့်ကျော် (၁)ရက်နေ့တွင် ၂၀၂၄ ပညာသင်နှစ်အတွက် သင်ခန်းစာများကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်။


### ပျောက်ဆုံးကြောင်း

တောင်ကြီးမြို့နယ်၊ ပန်းသခွါးကျေးရွာနေ ခွန်သန်းနော် (ဘ) ခွန်အောင်ကြီး (၁၃/ကတလ(နိုင်)၀၁၆၆၂၂) (Passport No. MI 047763)၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၈၀၀၇၀၀၂

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်နေ ခိုင်ရီသင်း (ဘ) ဦးမြင့်လွင် (၉/မခန(နိုင်)၂၆၃၀၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-846976) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၅၇၇၃၀၀၈၃

### အမည်မှန်

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ)ဦးစိုင်းဝေလင်းအောင် (၉/ခအဇ(နိုင်)၀၀၄၃၁၇)၏သား မောင်သုတ ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဘုန်းသုတ ဖြစ်ပါကြောင်း။ **မောင်ဘုန်းသုတ**


သင့်သွေးဖြင့် အသက်ကယ်ပါ

ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်းလို ...

❖ လုပ်ငန်းများစဉ်ဆက်မပြတ် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနေရန်လို ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဧရာဝတီမြစ်အတွင်း နိုင်ငံခြားသားခရီးသွားများ ဧရာဝတီလင်းပိုင်ကြည့်ရှုရေးခရီးစဉ်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်း၌ အကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်နေ



**စစ်ကိုင်း၊ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသနှင့် ရွှေဘိုကျောက်မြောင်းတွင် ဧရာဝတီမြစ်အတွင်း နိုင်ငံခြားသားခရီးသွားများ ဧရာဝတီလင်းပိုင်ကြည့်ရှုရေးခရီးစဉ်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်း၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နှင့်စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)၊ ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်းရှင်များအသင်းနှင့် ရေလုပ်ငန်းရှင်တစ်ဦးတို့ပူးပေါင်း၍ ခရီးသွားရာသီတွင် လင်းပိုင်နှင့်သဘာဝအလှကို ချစ်မြတ်နိုးသည့် နိုင်ငံခြားသားခရီးသွားများကြည့်ရှုလေ့လာနိုင်ရန် ဧရာဝတီလင်းပိုင်ကြည့်ရှုရေးခရီးစဉ်ကို ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်သည်။

"မင်းကွန်းကနေ ရွှေဘိုကျောက်မြောင်းအကြားမှာရှိတဲ့ **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**


## ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြန်ပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(ရေအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com